mgyoe.com

ဇော်ဇော်အောင်၏ စာကလေးများ

mgyoe.com

ဒုတိယအကြိမ်

mgyoe.com

ISBN9789997119087
ZZA19
9 789997 119087
2,700.00KS

mgyoe.com

mgyoe.com

ဇော်ဇော်အောင်၏ စာကလေးများ

မျက်နှာဖုံးပန်းချီ - တော်တီဆွေ

စာမျက်နှာ ၃၂၈+ မျက်နှာ၊ ၁၀ · ၂ စင်တီ× ၁၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ အောက်တိုဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၃ အက္ခရာစာပေ၏ ပထမအကြိမ်မူ၊

ရောင်းဈေး ၂၇၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

မာတိကာ

- အမှာ ဃ

၂၀၀၅

၁။ မရောက်မချင်း ၃
၂။ စာအုပ်ခေတ်မကုန်သေးပါ ၇
၃။ အရမ်းဘာသာမပြန်နဲ့...တဲ့ ၁၁
၄။ ဂီတအလှူ ၁၄
၅။ Theme Style ဆိုတာ ရှိသလား ၁၇
၆။ မေတ္တာအရင်းခံ ၂၁
၇။ မြန်မာ့ခြင်းလုံး ဘယ်နားရောက်နေပါလိမ့် ၂၅
၈။ ကိုရွှေအယ်ဒီတာ ၂၉
၉။ ဆရာ ဘာတွေရေးနေသလဲ ၃၃
၁၀။ ဘဝစမ်းအိုင် ၃၇

mgyoe.com

mgyoe.com

၁၁။ မဟာဘုတ်အက်ဆေး ၁၊ မြေ ၄၁

၁၂။ မဟာဘုတ်အက်ဆေး ၂၊ ရေ ၄၆

၁၃။ မဟာဘုတ်အက်ဆေး ၃၊ လေ ၅၁

၁၄။ မဟာဘုတ်အက်ဆေး ၄၊ မီး ၅၆

၁၅။ ကျား... ဘယ်ကကျားလဲဟေ့ ၆၀

၁၆။ ဆီမီးခွက်နဲ့ လျှပ်စစ်မီးသီး ၆၅

၁၇။ မြင်းတစ်စီးနဲ့ ခရီးဝေးထွက်သူ ၆၉

၂၀၀၆

၁။ တိတ်ဆိတ်ခြင်းအက်ဆေး ၇၅

၂။ ဟုတ်စ... ၈၂

၃။ အာရုံနှစ်ပါးတော့ သွားပြီ ၈၄

၄။ ခရီး ၈၉

၅။ တိုလီမိုလီစာတမ်း ၁ ၉၆

၆။ စကားမစပ် အက်ဆေး ၁ ၁၀၂

၇။ စကားမစပ် အက်ဆေး ၃ ၁၀၇

၈။ စကားမစပ် အက်ဆေး ၄ ၁၁၃

၂၀၀၇

၁။ အသစ်ဖန်တီးကြ ၁၂၁

၂။ ဘာမှမဖြစ်ပါဘူး ၁၂၈

mgyoe.com

mgyoe.com

၃။ ချစ်သောဒါဒါနှင့်
ကဗျာရွတ် မျိုးနွယ်ဆက်များ ၁၃၇
၄။ ရသအမြင်အချို့နှင့် မှတ်ချက်အချို့ ၁၄၉
၅။ ရသအမြင်အချို့နှင့် မှတ်ချက်အချို့ ၂ ၁၅၆
၆။ မီးလောင်တဲ့ တုံးငုတ်တိုမှာ ၁၆၆
၇။ နိမိတ်ပုံ၊ Image၊ မှတ်စုနှင့်
မှတ်ချက်အချို့ ၁၇၄
၈။ မိုက်ခရိုနိုင်ငံရေး မှတ်စုအချို့ ၁၈၇
၉။ Campus Novel, Campus Story
တက္ကသိုလ် နောက်ခံဝတ္ထု ၁၉၄
၁၀။ ပွင့်သစ်ထဲက ရန့်ဟောင်း ၂၀၅
၁၁။ တက္ကသိုလာ ၂၁၅
၁၂။ သခွတ်ပင် ၂၁၉
၁၃။ အင်္ကျီတစ်ထည် ခြောက်ကျပ်ခွဲ ၂၂၄
၁၄။ ဘဝင်မမြင့်နဲ့ ကိုဇော်ဇော်အောင် ၂၂၉
၁၅။ ဦးထုပ်၊ တုတ်ကောက်နဲ့ လူကြီး ၂၃၃
၁၆။ အာဘွဂျီး... တဲ့ ၂၃၇
၁၇။ အာရှဖလားနဲ့ ဟာစ်ပ်ပော့ပ် ၂၄၁
၁၈။ စစ်အေးပြန်စပြီလား
(ပို့စ်မော်ဒန်အဘိဓမ္မာနိဂုံး အယူအဆ) ၂၄၆

mgyoe.com

mgyoe.com

၁၉။ လက်လီ လက်ကားနှင့်
ပို့စ်မော်ဒန်အမြင် ၂၅၁
၂၀။ ကိစ္စကလေးတွေ ဆောင်ရွက်ခြင်း ၂၅၇
၂၁။ ချိုးကူသံ ၂၆၁
၂၂။ နည်းနည်းကျယ်ကျယ်ကလေး
ပြောကြပါ ၂၆၄
၂၃။ အရည်းရဟန်း ၂၆၉
၂၄။ မိုးပိတောက်တို့ ပန်တော်မိ ၂၇၄
၂၅။ မူပိုင်ခွင့်နှင့် ဝေဖန်ရေးဆရာ ၂၇၈
၂၆။ ကိုရီးယားဇာတ်ကားတွေ ၂၈၄
၂၇။ တိုလီမိုလီစာတမ်း ၂
ပို့စ်မော်ဒန် နိုင်ငံရေး ၂၈၉
၂၈။ နေခြည်ထဲတွင် ရွှေကိုမြင်သည် ၁ ၂၉၈
၂၉။ နေခြည်ထဲတွင် ရွှေကိုမြင်သည် ၂ ၃၀၇
၃၀။ နေခြည်ထဲတွင် ရွှေကိုမြင်သည် ၃ ၃၂၁

❖

mgyoe.com

mgyoe.com

အမှာ

အခုစာအုပ်မှာပါတဲ့ စာတွေဟာ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တွေမှာ ကျွန်တော် ရေးခဲ့တဲ့ ရောရိုရောရာ စာတွေဖြစ်ပါတယ်။ စာကြီးပေကြီးတွေ မဟုတ်ပါ။ စာငယ်ပေငယ်တွေသာ ဖြစ်တယ်။ ဒါကြောင့် ဇော်ဇော်အောင်၏ စာကလေးများလို့ နာမည်ပေးထားပါတယ်။ ဒီစာကလေးတွေဟာ တစ်စုံတစ်ရာသော အချက်အလက် Message ကို ပေးနိုင်ကြလိမ့်မယ်လို့လည်း ထင်မိပါတယ်။ အသိမ်းအဆည်း၊ အစုအဆောင်းနဲ့

mgyoe.com

mgyoe.com

မှတ်တမ်းမှတ်ရာမှာ ကျွန်တော် အလွန်အားနည်း ညံ့ဖျင်းလှပါတယ်။ ဒါ့ကြောင့်လည်း စာတွေ ကျန်နေပါလိမ့်ဦးမယ်။ လက်ဝယ်ရှိ သမျှ စုစည်းပြီး ထုတ်ဝေကြတဲ့ ပန်းချီဆရာမ Performance Artist မအိနဲ့ ပန်းချီဆရာမ Performance Artist ဖြစ်တဲ့ ဖြူမွန်တို့ကို ကျေးဇူးတင်ပါတယ်။ အဦးအစ ဒီစာတွေကို ထည့်သွင်းဖော်ပြပေးကြတဲ့ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်အသီးသီးနဲ့ အယ်ဒီတာများကိုလည်း ကျေးဇူးတင်ပါတယ်။

ဇော်ဇော်အောင်

ရန်ကုန်၊ ၂၀၁၁

❖

mgyoe.com

mgyoe.com

၂၀၀၅

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မရောက်မချင်း

သွားတော့မည်။ ဘယ်နေရာဟု မသိသော်လည်း ထိုနေရာသို့ ကျွန်တော် ရောက်အောင်သွားရလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာသို့ ကျွန်တော် သွားဖို့ရှိသောကြောင့် ဖြစ်၏။ ဘာ့ကြောင့် သွားရန်ရှိသလဲဟု မသိ။ တစ်စုံတစ်ယောက်က စေခိုင်းသည်ဟု ထင်စရာရှိသော်လည်း စဉ်းစားလို့ရသလောက် ဘယ်သူကမှ မစေခိုင်း၊ သွားပါဟုမပြော။ ဘယ်သူကမျှ မစေခိုင်းဘဲ ဘာ့ကြောင့် သွားသလဲ မေးရန်ရှိ။ မသိ။ စေခိုင်းမှုကို နာခံခြင်းမဟုတ်တာ သေချာသော်လည်း ဘာ့ကြောင့် သွားသလဲမသိ။ ဘာကြောင့်သွား

mgyoe.com

mgyoe.com

ရန်ရှိကြောင်း စဉ်းစားသောအခါတွင်လည်း သွားရန်ရှိကြောင်းကိုသာ သိ၏။ ထို့ကြောင့် ကျွန်တော်သွားနေသည်။ ဒီဇင်ဘာလဖြစ်၍ ကရမက်ပန်းများ အဆုပ်အခဲ ပွင့်နေသည်။

လွဲခဲ့ရသော အချစ်ဦးနှင့် ဆက်စပ်ပတ်သက်နေသောကြောင့် ကရမက်ပန်းများပွင့်တိုင်း စိတ်လှုပ်ရှားရစမြဲ။ ချိုအီလေးတွဲ့သော လေကို ရှူရှိုက်နေရ၏။ တောင်စောင်းအပြည့် နေကြာပန်းကော်ဇော။ မနေ့ညက မိုးသည်းသည်းရွာ၍ ကံ့ကော်ပန်းများ ကြွေခဲ့သေးသည်။ ကျွန်တော်တို့အတူ ခရီးသွားကြ၏။ သဘောတူသူများနှင့် သဘောကွဲသူများပါသည်။ သဘောကွဲသူများပါသောကြောင့် ပျော်စရာကောင်းသည် မဆိုသာသော်လည်း စိတ်ဝင်စားစရာကောင်းသည်မှာ အမှန်ဖြစ်၏။ သဘောမတူ ငြင်းခုံခြင်းတွင် ပင်ကိုသဘာဝအရ အလှအပတွေ ရှိ၏။ ချစ်သူတစ်ယောက် ကောက်ရ၏။ သူ ကျွန်တော့်ထံမှာ ကြာကြာမနေ။ ပျောက်သွားပြန်၏။ သူတစ်ပါးချစ်သူကို ချစ်မိနေသည်။ မတတ်နိုင်ပါ။ စာအုပ်ထဲက စာတွေ မှုန်ဝါးဝါး။ အလင်းရောင်ကြောင့်လား။ ခရီးလည်း အတော်ညောင်းခဲ့ပြီ။ အမှန်တရားအတွက် အဆိပ်ခွက်ကို မဆိုင်းမတွ မော့သောက်လိုက်သည်ဆိုသော ဆိုက

mgyoe.com

mgyoe.com

ရေးတီးလား၊ အရစ်တော်တယ်လား ဖြစ်လိုက်ချင်သေးသည်။ ရယ်စရာပြက်လုံးဖြစ်နေမှန်း မသိကြ။ လူအချို့ ခြေသံပြင်းပြင်းနင်း၍ လမ်းလျှောက်တတ်သည်။ ကိုယ့်ခြေသံ ကိုယ်ပြန်ကြားနေ၍ တခြား ဘာသံမျှ (ကိုယ့်ခြေသံမှအပ) မကြားရ။ ထိုသို့ မကြားရသောအခါ ခြေသံပြင်းပြင်းနင်း၍ လမ်းလျှောက်နေသူသည် တခြား ဘာကိုမှ မသိတော့။ စင်စစ်တော့ ထိုလူစားမျိုးသည် ခြေသံပြင်းပြင်းနင်းသော အလုပ်မှတစ်ပါး အခြား ဘာမှမလုပ်တတ်၊ ဘာမှမသိ၊ သိစရာလည်း မလို။ သူ့ခြေသံနှင့်သူ ပြည့်စုံနေပြီလေ။ သွားကြပါစေ။ သူတို့လမ်း သူတို့သွားကြပါစေ။ လွှတ်ပေးလိုက်။ သူတို့နှင့် ကျွန်တော်တို့ လမ်းချင်းမတူ။ တတ်ယောင်ကားတွေ တွေ့ပြန်ပြီ။ သည်လောကမှာ သူတို့မကုန်နိုင်အောင် များကြပါလား။ မှုန်ဝါးဝါးလောကမှာ သူတို့နောက်လိုက်မည့်သူတွေ အများကြီး။ ငါတို့လမ်းမှာတော့ တစ်ခါတစ်ခါ မိုးခါးရွာသည်မှအပ လူရှင်းလှ၏။ ရေစီးထဲမှာ တလိမ့်လိမ့် မျောပါနေကြသည်။ အမျောသမားတွေ။ ကမ်းဘက်ကိုကူးဖို့ စိတ်မကူးကြ။ သူတို့နှင့် ကျွန်တော်တို့မတူ။ ပညာရှိယောင်ဆောင်သူတွေ သည်ဘက်လာပြန်ပြီ။ ဝါးလုံးပြတ်နှင့် ရိုက်ထုတ်ကြ။

mgyoe.com

mgyoe.com

ခင်မေခိုင်လား။ မနှင်းဆီလား၊ မကြည်ပြာလား။ ရှမ်းတင်လှိုင်နဲ့ ဘစုလား။ ဘသန်းတင်နဲ့ ငှက်ကျားလား။ ကျော်မောင်နဲ့ ဘိုကစ်လား။ ကိုယ်တစ်ယောက်တည်းရယ်ပါ။ အလွန် ရယ်စရာကောင်းသောစာသားဖြစ်၏။ ဘယ်သူမှမပါ။ ကျွန်တော်တစ်ယောက်ထီးတည်းသာ။ သူတို့ ပါလာစေချင်၍ ပါလာသည်ထင်၏။ ပါလာစေချင်၏။ ပါသည်ဟုထင်၏။ အထင်ကြောင့် ဝိပ္ပလ္လာသဖြစ်၏။ ဝိပ္ပလ္လာသသည် ဟုတ်ယောင်ထင်မှုဖြစ်၏။ အထင်၏ အရောင်သည် ပြိုးပြက်တောက်ပ၏။ ကျွန်တော် အမုန်းဆုံးအရောင်မှာ အနီရောင်။ အကြိုက်ဆုံးအရောင်မှာ ဝင်ခါနီးလ၏ မှိန်ပျပျ အလင်းရောင်။ လဝင်လုပြီ။ လောကသည် မကြည်လင်။ မှုန်ရီဝေဝေ။ သစ္စာမဲ့သူများ၊ စကားများလွန်းသူများ၊ တတ်ယောင်ကားများ မလိုက်ခဲ့နှင့်။ သူတို့နှင့်ကျွန်တော် အဖက်မတန်၊ အတူခရီးမသွားချင်။ ထိုနေရာကို ကျွန်တော် အရောက် သွားရမည်။ အဘယ့်ကြောင့်ဆိုသော် ထိုနေရာသို့ ကျွန်တော် အမှန်တကယ် နောက်ဆုံးရောက်ရမည်ကို သိနေသောကြောင့် ဖြစ်၏။ မရောက်မချင်း သွားရပေဦးမည်။

မုဒိတာမဂ္ဂဇင်း၊ အမှတ် ၁၅၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

စာအုပ်ခေတ် မကုန်သေးပါ

ဒီနေ့ ပို့စ်မော်ဒန်ခေတ်ကို အီလက်ထရောနစ်ခေတ်လို့လည်း ခေါ်ကြတယ်။ နည်းပညာတွေ၊ သတင်းအချက်အလက် နည်းပညာတွေ တရိပ်ရိပ် ထွန်းကားနေတယ်။ ကွန်ပျူတာရဲ့ ခြယ်လှယ်နိုင်မှုကိုပဲ ကြည့်ဦးတော့။ အဲဒီအခါမှာ ကျွန်တော်တို့ ယဉ်ကျေးမှုအနုပညာနယ်က ယဉ်ကျေးမှုထုတ်လုပ်ရေး (Cultural Productions) တွေဟာလည်း ပြောင်းလဲလာပါတယ်။

* * *

mgyoe.com

mgyoe.com

တော်တော် စောစောက အမေရိကန်မှာပါပဲ။ ဝတ္ထုတွေကို တိပ်ခွေသွင်းပြီး နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ အသံနဲ့ထုတ်ကြတယ်။ အသံထွက်ဝတ္ထုပေါ့။ ကျွန်တော်တို့ဆီမှာလည်း အဲသလို တိပ်ခွေ ဝတ္ထုတွေ၊ နာမည်ကြီး အဆိုတော်တွေ အသံနဲ့ ထုတ်တယ်လို့ ကြားလိုက်မိတယ်။ ကျွန်တော်တော့ နားမထောင်ဖူးပါဘူး။ ဝတ္ထုအနုပညာကို တခြား Media တစ်ခု၊ တခြား Channel တစ်ခုကနေ ထုတ်လုပ်တာပါပဲ။ ကျွန်တော် သိသလောက် အဲဒီအသံထွက်ဝတ္ထုဟာ ကမ္ဘာမှာလည်း ခေတ်မစားဘူး၊ ကျွန်တော်တို့ဆီမှာလည်း မအောင်မြင်ဘူး။ မအောင်မြင်ရတဲ့အကြောင်းတွေ အများကြီးရှိနိုင်ပါတယ်။ အဲဒီထဲက အကြောင်းတစ်ကြောင်းကတော့ (ကျွန်တော့်အထင်) **ဝတ္ထုစာအုပ်ကို စာအုပ်အဖြစ်နဲ့ပဲ ဖတ်ချင်တဲ့အကြောင်း** ဖြစ်ပါလိမ့်မယ်။ ဝတ္ထုကို နားသက်သက်နဲ့ အာရုံခံစားလို့ မရတာကြောင့်လည်း ဖြစ်နိုင်တယ်။ ဝတ္ထုကို ရုပ်ရှင်လို၊ ဗီဒီယိုလို မျက်မြင် Visual Media နဲ့ ခံစားလို့မရတာကြောင့်လည်း ဖြစ်နိုင်တယ်။ အလွယ်ဆုံးပြောရရင် စာအုပ်ကို စာအုပ်လိုပဲ ဖတ်ချင်ကြတာပါပဲ။

* * *

mgyoe.com

mgyoe.com

အထက်ကပြောခဲ့တဲ့ စကားအရ အီလက်ထရောနစ်ခေတ်မှာ 'ယဉ်ကျေးမှုထုတ်လုပ်ရေး'အသစ်တွေ ပေါ်ထွန်းလာဖို့ **စာအုပ်**ရဲ့ အခန်းကဏ္ဍက ရွေ့သွားပြီ၊ စာအုပ်အရေးပါမှု လျော့သွားပြီ၊ စာအုပ်တွေခေတ်ကုန်သွားပြီလို့ ပြောကြဆိုကြတာတွေ ရှိလာပါတယ်။ လုံးဝမမှန်သလို လုံးဝလည်း မမှားပါဘူး။ ပြောဆို ဆွေးနွေးငြင်းခုံရမယ့်ကိစ္စ ဖြစ်တယ်။ စာအုပ်ကို စာအုပ်အဖြစ်နဲ့ ဖတ်ချင်တဲ့လူတွေ ကမ္ဘာပေါ်မှာ အများကြီးရှိသေးတယ်လို့ ပြောလာကြတယ်။

* * *

၁၉၉၈၊ ဧပြီလ ၂၃ ရက်နေ့ထုတ် The Guardian သတင်းစာကြီးရဲ့ ကမ္ဘာ့စာအုပ်နေ့ (World Book Day) အထိမ်းအမှတ် အချပ်ပိုမှာ ဆောင်းပါးတစ်စောင်ပါတယ်။ အဲဒီဆောင်းပါးအလိုအရ–

> နှစ်စဉ်နှစ်တိုင်း စာအုပ်တွေ ပိုထုတ်လာကြတယ်။ ဘယ်တုန်းကမှနဲ့မတူ စာအုပ်တွေ ပိုပိုဝယ်လာကြတယ်။ ကျွန်ုပ်တို့ဟာ ၂၁ ရာစုအစွန်ကို ရောက်နေပြီ။ ဒါပေမဲ့ လူ့အသိပညာရဲ့ ၉၈ ရာခိုင်နှုန်းလောက်ဟာ စာအုပ်တွေကပဲ ရနေသေးတယ်။

mgyoe.com

mgyoe.com

(Gail Rebuck; "Why we still want to read all about it" အထက်မှာညွှန်းပြီး) (မူရင်း Perhaps 98 percent of human knowledge is still acquired through reading books)

ကျွန်တော်ပြောချင်တာက စာအုပ်ကို စာအုပ်လိုပဲ ဖတ်ချင်သူတွေ ရှိပါသေးတယ်။ ဖြစ်နိုင်မယ်ဆိုရင် ပက်လက်ကုလားထိုင်လေးတစ်လုံးနဲ့ အေးအေးသက်သာ (ဖြစ်နိုင်မယ်ဆိုရင်) ကိုယ်ကြိုက်ရာ စာအုပ်တစ်အုပ်ဖတ်နေရရင် လောကရဲ့ အပူအလောင်၊ ဘဝရဲ့ အပူအလောင်ကို မေ့ထားလို့ရနိုင်ရဲ့။ ခနိုဈေး၊ ဝါးဈေးလည်း မသိချင်ဘူး။ ငါးပိဈေး၊ ဆားဈေးလည်း မသိချင်ဘူး။ ဆန်အိုးထဲမှာ ဆန်ဘယ်နှစ်စေ့ ကျန်သေးတယ်ဆိုတာလည်း မသိချင်ဘူး။ (ဖြစ်နိုင်မယ်ဆိုရင်) လက်ညှိုးကို တံတွေးဆွတ်ပြီး စာမျက်နှာတစ်ရွက်ချင်း လှန်ပြီး အေးအေးသက်သာ (ဖြစ်နိုင်မယ်ဆိုရင်) ဖတ်နေချင်ပါတယ်။ နည်းပညာတွေ ဘယ်လောက်ပဲ တိုးတက်တိုးတက်၊ ဘဝနေထိုင်မှုပုံစံတွေ ဘယ်လောက်ပဲ ပြောင်းပြောင်း စာအုပ်ကို စာအုပ်အဖြစ်နဲ့ ဖတ်ချင်ပါတယ်။ စာအုပ်ခေတ် ကုန်သေးမယ် မထင်ပါဘူး။

ဖတ်စရာဂျာနယ်၊ အမှတ် ၄၈၊
ဒီဇင်ဘာလ ၁၃ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

အရမ်းဘာသာမပြန်နဲ့ တဲ့

ကွယ်လွန်သူ ဆရာကြီးဦးအုန်းဖေ (စာရေးဆရာကြီး တက်တိုး) ပြောခဲ့တဲ့ **အရမ်းဘာသာမပြန်နဲ့** ဆိုတဲ့ စကားတစ်ခွန်း ကျွန်တော်တို့ ငယ်စဉ်က ကြားခဲ့ဖူးပါတယ်။ အဲဒီတုန်းက အတော်ဂယက်ရိုက်ခဲ့တဲ့ စကားပါ။ တချို့ကလည်း ဆရာကြီးတက်တိုးကို အပြစ်တင်ကြတယ်။ ဘုကန့်လန့်၊ တဲ့တိုး ပြောချလိုက်တဲ့စကားမို့ နားမဝင်သာသူတွေရှိတာ သဘာဝကျပါတယ်။ ဒါပေမဲ့ အသေအချာ ပြန်စဉ်းစားတော့ ဆရာကြီး တက်တိုးပြောခဲ့တာ မလွန်ဘူး။

ဘာကြောင့် လဲဆိုတော့ ကျွန်တော်တို့

mgyoe.com

mgyoe.com

လောကမှာ မကြာခဏ (ဟို တော်တော်စောစော ကတည်းက)ဆိုသလို **ဘာသာပြန် လွဲကြတာတွေ၊ မှားကြတာတွေ** တွေ့တဲ့လူက ဖော်ထုတ်ရေးကြတာတွေ ကြားနေရတယ်၊ ဖတ်နေရတယ်။ တချို့လည်း သိုးကာသီကာလွဲတယ်။ တချို့လည်း ခွက်ခွက်လန်အောင် လွဲတယ်။ လွဲတာတော့ လွဲတာပဲ။ ပိုဆိုးတာက ကိုယ်မပြန်နိုင်တဲ့ နေရာရှိရင် မူရင်းစာသားကို ပြန်မနေတော့ဘဲ ချန်ပစ်ခဲ့တာပါပဲ။ ထားပါတော့။

ဒါနဲ့ပတ်သက်လို့ စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ဖတ်လိုက်ရတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ အရည်အသွေးမြှင့်တင်မှုအသင်းဆိုတာရှိတယ်။ China society for the promotion of quality လို့ခေါ်တယ်။ အဲဒီက တာဝန်ရှိတဲ့ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ဘာသာပြန်ကုမ္ပဏီတွေကို ငှားရမ်းဘာသာပြန်ရင် သတိထားကြဖို့ ဆော်သြလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ကျွမ်းကျင်မှုမရှိဘဲ ဘာသာပြန်ကြရင် စောစောကပြောသလို အလွဲလွဲအမှားမှားတွေ ဖြစ်မှာစိုးတဲ့အတွက် သတိပေးတားမြစ်တယ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဘာသာပြန်ကုမ္ပဏီပေါင်း ၃၀၀၀ ကျော်ရှိတယ်။ ဘာသာပြန်

mgyoe.com

mgyoe.com

အတိုင်ပင်ခံ အဖွဲ့အစည်းဆိုတာတွေလည်း ရှိသတဲ့။ အတော်များများမှာတော့ ကျွမ်းကျင်တဲ့ ဘာသာပြန် ပညာရှင်မဟုတ်တဲ့သူတွေက ဒီလိုပဲ ဘာသာပြန်နေကြလို့ သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးလိုက်တာပဲ ဖြစ်ပါလိမ့်မယ်။ (ညွှန်း–ဆင်ဟွာ၊ MNA မြန်မာ့အလင်း၊ အင်္ဂလိပ် ၁၀–၈–၂၀၀၄)

ကျွန်တော်တို့ဆီမှာလည်း စာပေဗိမာန် တည်ဦးစကတည်းက ဘာသာပြန်လုပ်ငန်း ကိစ္စအဝဝကို အားပေးဆောင်ရွက်လာခဲ့တာ အခုလည်း အားပေး ဆောင်ရွက်ကြဆဲပါပဲ။

ကျွန်တော့် စိတ်ကူးယဉ်အိပ်မက်ထဲမှာတော့ ဘာသာပြန် တက္ကသိုလ်ကြီး တသီးတခြား ထီးထီးမားမား တည်ရှိနေပါတယ်။ ဘာသာပြန်ဘွဲ့တွေ ပေးလို့၊ ဘာသာပြန် နှီးနှောဖလှယ်ပွဲတွေ ကျင်းပလို့၊ ဘာသာပြန် အလုပ်ရုံဆွေးနွေးပွဲတွေလုပ်လို့။ အလွန်တရာ စည်ကားဝင့်ကြွားနေတဲ့ ဘာသာပြန်တက္ကသိုလ် ကြီးရဲ့ မုခ်ဝမှာတော့ ဆရာကြီးတက်တိုးရဲ့ သတိပေးစကားကို ရွှေစာလုံးနဲ့ ထွင်းထုဖော်ပြထားပါတယ်။

ဇတ်စရာဂျာနယ်၊ အမှတ် ၁၊
ဇန်နဝါရီလ ၄ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

ဂီတအလှူ

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က အာဖရိကတိုက်ကြီးရဲ့ 'အီသီယိုးပီးယား' နိုင်ငံမှာ ငတ်မွတ်ခြင်းဘေး အကြီးအကျယ် ကျရောက်ခဲ့တယ်။ တစ်ကမ္ဘာလုံးက ဝိုင်းဝန်း ပူပန်ကူညီကြရာမှာ အနုပညာသမားတွေလည်း ပါခဲ့တယ်။

အဆိုကျော် **ဂဲလ်ဒေါ့ဖ်** (Bob Geldof) ကို မှတ်မိကြလိမ့်မယ်။ "ဒါ ခရစ္စမတ်ဆိုတာ သူတို့သိကြရဲ့လား"ဆိုတဲ့ သူ့သီချင်းဟာ ကမ္ဘာကုန်အောင် ပေါက်ထွက်ခဲ့ပါတယ်။ ဂဲလ်ဒေါ့ဖ်နဲ့အတူ အဆိုကျော် URE တို့ဟာ အနုပညာရှင် ၄၀ ကျော်ကို စုစည်းပြီး သီဆို

mgyoe.com

mgyoe.com

တီးမှုတ်ခဲ့တယ်။ အဲဒီဓာတ်ပြားက အမေရိကန်ဒေါ်လာ ၁၈ သန်းကျော်ရခဲ့တယ်။ အဲဒီငွေတွေ အီသီယိုးပီးယား ငတ်မွတ်ခြင်းဘေးဒဏ်ခံနေရတဲ့ အီသီယိုးပီးယားလူထုကို အားလုံးလှူဒါန်းခဲ့တယ်။ တစ်ကမ္ဘာလုံးက ချီးကျူးကြတယ်။ အခုလည်း ဂဲလ်ဒေါ့ဖ်ရဲ့ သီချင်းတွေကို ပြန်လည်ဆန်းသစ်ပြီး သီဆိုကြဖို့ ကြိုးပမ်းနေကြတယ်။ 'ပေါလ်မက္ကာတနေ'တို့၊ 'ရော်ဘီဝီလီယံ' တို့လို ဆရာကြီးတွေ အခုပါဝင်မယ်လို့လည်း သိရတယ်။

ဒီတစ်ခါထွက်မယ့် CD ကရမယ့် ဝင်ငွေအားလုံးဟာ ဆူဒန်နိုင်ငံ၊ ဒါဖော (Darfur) ဒေသမှာ အာဟာရချို့တဲ့မှုနဲ့ ရောဂါအမျိုးမျိုး ခံစားနေရတဲ့ ထောင်ပေါင်းများစွာသော လူထုကြီးအတွက် ရန်ပုံငွေလို့ ဆိုပါတယ်။ သာဓုခေါ်စရာ ကောင်းလှပါတယ်။ သာဓုလည်း ခေါ်ထိုက်ပါတယ်။

ကျွန်တော်တို့ဆီမှာရှိတဲ့ **ရော့ခ်ကာ** (Rocker) တွေနဲ့ အခြားပညာရှင်တွေလည်း ဒီလို အများအတွက်၊ လူထုအတွက် ရန်ပုံငွေပွဲတွေ အခါအားလျော်စွာ ကျင်းပသီဆိုကြတာ ရှိပါတယ်။ ကျွန်တော်တို့ ဂီတသမားတွေရဲ့ တေးဂီတဟာ ဂဲလ်ဒေါ့ဖ်ရဲ့ ဆင်ဂယ်တစ်ချပ်လောက် မပေါက်ပေမဲ့ စေတနာ

mgyoe.com

mgyoe.com

သမ္မာဆန္ဒကတော့ အတူတူပါပဲ။ ကျွန်တော်တို့ဆီက ခေတ်သစ်ဂီတပညာရှင်တွေကို လေးစားဦးညွှတ်သင့်ပါတယ်။ ကျွန်တော် လေးစားစွာ ဦးညွှတ်လိုက်ပါတယ်။ 'အနုပညာသည် ပြည်သူ့အတွက်'ဆိုတဲ့ ကြွေးကြော်သံကို ကြားဖူးပါလိမ့်မယ်။

အခုတော့ ဂဲလ်ဒေါ့ဖ်တို့ဟာ ဘာမှမကြွေးကြော်ဘဲ သီချင်းဆိုတယ်၊ တီးမှုတ်တယ်၊ ပိုက်ဆံတွေအများကြီးရတယ်။ အဲဒီပိုက်ဆံတွေအကုန်လုံး ငတ်မွတ်တဲ့လူတွေအတွက် လှူတယ်။ ရိုးရိုးကလေးပါပဲ။

ဖတ်စရာဂျာနယ်၊ အမှတ် ၂၊
ဇန်နဝါရီလ ၁၁ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

Theme Style ဆိုတာ ရှိသလား

အာဘော်ဆိုတာ မူရင်းမှာက (အာဘောဂ) နှလုံးသွင်းသည်လို့ အဓိပ္ပာယ် ရှိပါတယ်။ ဒီမှာ အခု တော့ စာတစ်ပုဒ်မှာ ပြောချင်တဲ့အကြောင်းအရာ၊ အချုပ်၊ အဓိက ပြောလိုရင်း အဓိကအချက်၊ အဓိက ပွိုင့်လို့ အဓိပ္ပာယ် ယူရပါမယ်။ ဒီဝေါဟာရဟာ ဖွင့်ဆို ဖို့ခက်တဲ့ ဝေါဟာရတစ်ခုဖြစ်တာ အမှန်ပါပဲ။ ပုံဆောင် ပြောရရင် ဒီလိုပြနိုင်ပါတယ်။ ကျွန်တော်တို့အားလုံး နားယဉ်ပြီးဖြစ်တဲ့ 'ဝေဿန္တရာဇာတ်တော်ကြီး'ဆိုပါ တော့။ အဲဒီဇာတ်တော်ကြီးရဲ့ အကြောင်းအရာဟာ ဝေဿန္တရာမင်းကြီး၊ မဒ္ဒီဒေဝီ၊ ကဏှာနဲ့ ဇာလီ၊ ဆင်ဖြူ တော်၊ ဇူဇကာပုဏ္ဏား စတဲ့ ဇာတ်ကောင်တွေနဲ့ ဆင်ဖြူ တော်လှူပုံ၊ တောထွက်ရပုံ၊ ဇူဇကာပုဏ္ဏားက သားနဲ့ သမီးကို အလှူခံပုံ၊ သားနဲ့သမီးကို လှူပုံ စတဲ့ ဇာတ်

mgyoe.com

mgyoe.com

ကြောင်းတွေပဲ ဖြစ်တယ်။ အဲဒီမှာ အာဘော် (ဝါ) အဓိကပြောလိုရင်းအချုပ်၊ အဓိကပ္ပိုင့်က 'ဒါနပါရမီ' ပါပဲ။

စာပေဝေဖန်ရေး ဝေါဟာရအနေနဲ့ကတော့ ဇာတ်ကြောင်းဆိုတာ narrative၊ အကြောင်းအရာဆိုတာ content လို့ ခေါ်တတ်ကြပါတယ်။ အာဘော်ဆိုတာကတော့ theme ပါပဲ။

တစ်နည်းဆိုရင် theme ကို အာဘော်လို့ ကျွန်တော် ပြန်ချင်ပါတယ်။ တခြားသော ပညာရပ်အဖွဲ့အစည်းတွေ၊ ဌာနတွေက ဘယ်လိုပြန်သလဲဆိုတာ သတိမပြုမိပါ။ သာမန်အားဖြင့် အဓိကအကြောင်း၊ ပြောချင်တဲ့အကြောင်းချုပ်ကိုပဲ ကျွန်တော်ဆိုလိုပါတယ်။

သိပ်မကြာခင်ကပဲ ဝေါဟာရတစ်ခု (အင်္ဂလိပ်ဘာသာနဲ့) ဖတ်လိုက်ရတယ်။ တုန်လှုပ်သွားပါတယ်။ ခေါင်းလည်း စားမိတယ်။ Theme Style ဆိုတဲ့ဝေါဟာရပါပဲ။ Theme ဆိုတာမှာ style ရှိသလား (ဝါ) ရှိနိုင်ပါ့မလား။ ကျွန်တော်တော့ ခေါင်းစားမိတာပါပဲ။ Style ဆိုတာ **ရေးဟန်**ပါပဲ။

ကျွန်တော်တို့ စာပေဝေဖန်ရေးနဲ့ 'ရေးဟန်ပညာ' stylistics မှာ သိပ်အရေးပါပါတယ်။ အလေ့

mgyoe.com

mgyoe.com

အလာများပါတယ်။ ဒီဝေါဟာရကလည်း စာပေလောကမှာ ရှေးအကျဆုံးနဲ့ ဒုက္ခအပေးဆုံး ဝေါဟာရတစ်ခု အပါအဝင်ဖြစ်တယ်လို့ ဆရာတို့ ဆိုကြပါတယ်။ OED အဘိဓာန်ကြီးမှာ မျက်နှာပြည့် ခြောက်ကော်လံလောက် နေရာယူပြီး ဖွင့်ဆိုရှင်းလင်းချက်ပေးပါတယ်။ အကြောင်းတစ်ခု၊ ကိစ္စတစ်ခု၊ အခြေအနေတစ်ရပ် စသည်တို့ကို ပြောဆိုရေးသား 'ဖော်ပြတဲ့ဟန်ပန်၊ ဖော်ပြပုံဖော်ပြနည်း'လို့ ယေဘုယျ ပြောနိုင်ပါတယ်။ ဒီရေးဟန်က ရယ်ရတယ်။ ဒီရေးဟန် မတိကျဘူး။ ဒီရေးဟန်ကဖြင့် ရှုပ်ထွေးတယ်။ ဒီရေးဟန်ကတော့ ခံ့တယ်။ ဒီရေးဟန်ကတော့ ရှင်းလင်းပြတ်သားတယ် စသည်ဖြင့် ပြောလေ့၊ ရေးလေ့ရှိတယ်။ သဘောကတော့ တန်ဖိုးဖြတ်တာပါပဲ။ ဘယ်ပေါ်မှာမူတည်ပြီး တန်ဖိုးဖြတ်သလဲဆိုတော့ ဘာသာစကားအသုံးအနှုန်း၊ ဝါကျဖွဲ့ထုံး၊ အလင်္ကာအသုံးတွေပေါ်မှာမူတည်ပြီး ဆုံးဖြတ်ကြတယ်။ ဘာသာစကားအချက်အလက်များကိုလည်း ခေါ်နိုင်ပါတယ်။

ကဗျာတစ်ပုဒ်ရဲ့ ရေးဟန်၊ ဝတ္ထုတစ်ပုဒ်ရဲ့ ရေးဟန်၊ စာရေးဆရာတစ်ယောက်ရဲ့ (ပုဂ္ဂလိက) ရေးဟန် စသည်ဖြင့်လည်း ပြောနိုင်ပါတယ်။ အားလုံးဟာ ဘာသာစကား အသုံးပေါ်မှာ မူတည်ဆုံးဖြတ်

mgyoe.com

mgyoe.com

ပြောဆိုကြတာပါပဲ။

Theme ဆိုတာမှာကျတော့ စဉ်းစားစရာ ဖြစ်လာပါတယ်။ Theme အာဘော်ဆိုတာ သဘောတစ်ခုမျှသာဖြစ်တယ်။ စိတ်ထဲမှာသာရှိတဲ့၊ စိတ်ဖြင့်သာပြုလုပ်သတ်မှတ်တဲ့ သတ်မှတ်ချက်တစ်ခုမျှသာ ဖြစ်တယ်။ သူ့မှာ ပြောဟန်၊ ရေးဟန်ဆိုတာ မရှိနိုင်ဘူး။

ဝေဿန္တရာဇာတ်တော်မှာ ပါဠိ–မြန်မာဘာသာပြန် စကားပြေကိုပဲဖြစ်စေ၊ ဆရာတော်ကြီးဦးသြဘာသရဲ့ ဝတ္ထုအကြောင်း စကားပြောကိုပဲဖြစ်စေ ရေးဟန်က ဘယ်လိုဘယ်ပုံ ရှိတယ်ကို ပြောလို့ရတယ်။ ဒါပေမဲ့ ဒါနပါရမီဆိုတဲ့ အာဘော်အချုပ်ကိုတော့ ရေးဟန် ဘယ်ပုံရှိတယ်လို့ ပြောလို့မရဘူး။

ဘာကြောင့်လဲဆိုတော့ အာဘော် theme မှာရေးဟန် style ဆိုတာ မရှိနိုင်လို့ပဲ။ ဒါကြောင့် theme style 'အာဘော်ရေးဟန်'ဆိုတာ မရှိနိုင်ဘူး၊ မှားတယ်လို့ တည့်(ဒဲ့)ကြီး မပြောလိုပေမဲ့ စဉ်းစားကြပါဦးလို့တော့ ပြောခဲ့ချင်ပါတယ်။

ဖတ်စရာဂျာနယ်၊ အမှတ် ၅၊
ဖေဖော်ရီလ ၁ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မေတ္တာအရင်းခံ

ဆူနာမီဆိုတဲ့ မရဏလှိုင်းလုံးကြီးတွေကြောင့် အရှေ့တောင်အာရှတစ်ခွင်မှာ အသက်အိုးအိမ်စည်းစိမ် ဥစ္စာ ကုဋေကဋာ ပျက်စီးဆုံးရှုံးရတယ်။ မီဒီယာတွေက နေ့ရောညပါ ဆိုသလို ဆက်တိုက် တရစပ် အလပ် မရှိအောင် ဖော်ပြကြတယ်။ လူသားရဲ့ ကြေကွဲဖွယ် အဖြစ်ဆိုး အစစ်အမှန် ပုံပြင်ပါပဲ။ တကယ်ကြေကွဲဖို့ ကောင်းလှပါတယ်။ အဲဒီလို ကြေကွဲဖွယ်သတင်းတွေ ထဲမှာပါလာတဲ့ နှစ်သက်စရာ၊ ကြည်နူးစရာ သတင်း လေးတွေကို သတိပြုမိပါတယ်။

အဲဒါတွေက မရဏလှိုင်းလုံး ဒုက္ခသည်များ

mgyoe.com

mgyoe.com

အတွက် ရန်ပုံငွေ ရှာဖွေပံ့ပိုးကြတဲ့ သတင်းပါပဲ။ ချမ်းသာတဲ့ နိုင်ငံကြီးတွေက ပံ့ပိုးကူညီကြတဲ့ ဒေါ်လာ သန်းပေါင်းများစွာပေါ့။ အမေရိကန်၊ ဂျပန်၊ ဩစတြေး လျ စတာတွေကို Donor List မှာ ဖော်ပြထားတာ သာစုခေါ်စရာပဲ။ ဒါတောင် ကိုရွှေအမေရိကန်ထည့် တဲ့ ဒေါ်လာ သန်း ၃၅၀ ဟာ နည်းတယ်လို့ ပြင်သစ် သတင်းစာတစ်စောင်က ရေးသေးတယ်။ အဲဒီ ပြင်သစ် နိုင်ငံက ဘယ်လောက်ထည့်ဝင်သလဲဆိုတာ မသိပါ ဘူး။

ကုလအတွင်းရေးမှူးကြီး အာနန်က အရေး ပေါ် ရန်ပုံငွေ ဒေါ်လာ ၁ ဘီလျံလိုတယ်၊ အဲဒါ အရင် စုကြပါလို့ ဆော်ဩတယ်။ တစ်ဘီလျံဆိုတာ (အစက တော့ မသိပါဘူး၊ လိုက်ပြီး စပ်စုတော့မှ) တစ်နောက်က သုညကိုးလုံးပါလာတယ်။ သန်းပေါင်းတစ်ထောင် ပေါ့။ နည်းနည်းနောနောလား။ အဲဒါ အခုစုလိုက် တော့ လေးဘီလျံလောက် ရပြီဆိုပဲ။

အဲဒီလို ချမ်းသာတဲ့ နိုင်ငံကြီးတွေက ကူညီ တာ သိပ်မဆန်းလှပါဘူး။ ကျေးဇူးတင်စရာကောင်း တာက တခြားပေါ့လေ။ အဲ…အခု ဟောင်ကောင်က အဆိုတော်နဲ့ ဂီတပညာရှင်၊ အနုပညာသမား တစ်ရာ က ဂီတပွဲတော်ကြီးလုပ်ပြီး ငွေစုမယ်တဲ့။ မရဏာလှိုင်း

mgyoe.com

mgyoe.com

ရန်ပုံငွေပေါ့။ အင်ဒိုနီးရှားဂီတလောကလည်း အလား တူ ပြင်ဆင်နေပြီ။ ဂီတသမားတွေပဲလားလို့ ဆိုတော့ မဟုတ်ဘူး၊ ဘောလုံးသမားတွေပါ ပါလာကြတယ်။ အင်္ဂလိပ်ပရီမီးယားကလပ်အသင်း ၂၀ ကလည်း စုပြီး ရန်ပုံငွေထည့်တယ်။ ပေါ်တူဂီဘောလုံးအဖွဲ့ချုပ် ကလည်း ရန်ပုံငွေပွဲကစားပြီး ကူညီမယ်လို့ ကြေညာ တယ်။ သူတို့ ပေါ်တူဂီအမျိုးသားအသင်းနဲ့ မရဏ လှိုင်းဒဏ်ခံလိုက်ရတဲ့ တိုင်းပြည်တွေက ဘောလုံး သမားတွေနဲ့ ကစားဖို့ စီစဉ်နေတယ်လို့ သိရတယ်။

အဲဒီလို ဂီတသမားတွေ၊ အားကစားသမား တွေ ရန်ပုံငွေပွဲတွေ ကျင်းပငွေရှာပေးတာက လေးစား သာဓုခေါ်စရာပါပဲ။ ဒါတွေ အကုန်သိပြီးသား၊ တခြား ဂျာနယ်တွေထဲမှာလည်း အကုန်ပါပြီးသားမို့ အပြစ် တင်ရင်လည်း ခံရမှာပဲ။ ဒီသတင်းကြောင့် ကြည်နူး ပီတိဖြစ်ရတဲ့အတွက် ရေးမိတာပါ။ အဓိကကတော့ 'မေတ္တာအရင်းခံ'ပါပဲ။ မေတ္တာစိတ်နဲ့ စာနာထောက် ထားစိတ်နဲ့ လုပ်ကြ၊ ကိုင်ကြ၊ ဆောင်ရွက်ကြတာ ကြည်နူးစရာပဲပေါ့။

မိမိခန္ဓာကိုယ်ကို ဗုံးတွေပတ်ပြီး လူရော၊ ဗုံးရော အသေခံခွဲတဲ့လူတွေကလည်း ခွဲနေကြတယ်။ အဲဒီလူတွေကို အကြမ်းဖက် အစွန်းရောက်တွေဆိုပြီး

mgyoe.com

mgyoe.com

ကျည်အား၊ ပစ်အား ကြီးမားစွာနဲ့ တိုက်ခိုက်သတ်ဖြတ်နေကြပြန်သေးတယ်။ နှစ်ဖက်လုံး အသေချည်းပဲပေါ့။ အဲဒီလို ရွံ့မုန်းနာကြည်းစရာ လူသတ်လုပ်ရပ်တွေနဲ့ စာရင် မေတ္တာအရင်းခံနဲ့ ဆောင်ရွက်ကြတဲ့ကိစ္စတွေဟာ ကြည်နူးစရာတွေပဲပေါ့။

ဒီဂြိုဟ်ကမ္ဘာ (စကြဝဠာအနန္တနဲ့စာရင် ဒီ solar system ထဲက အမှုန်အမွှားကလေး) မြေကမ္ဘာမှာ မေတ္တာတရား လက်ကျန်ကလေးတွေ ရှိပါသေးလားလို့လည်း သက်ပြင်းမောကြီးကို ချမိလိုက်ပါတယ်။ တကယ့်အရင်းခံကတော့ မေတ္တာတရားပါပဲ။

ဖတ်စရာဂျာနယ်၊ အမှတ် ၃၊
ဇန်နဝါရီလ ၁၈ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မြန်မာ့ခြင်းလုံး ဘယ်နားရောက်နေပါလိမ့်

ကျွန်တော်တို့ ငယ်စဉ် ကလေးဘဝ (လွန်ခဲ့တဲ့ အနှစ် ၅ဝ–၆ဝ လောက်က) အထက်အညာ မြို့တိုင်းလိုလိုမှာ 'ခြင်းရုံ'ဆိုတာ ရှိတာကို မှတ်မိနေတယ်။ သမံတလင်းခင်း၊ နှစ်တစ်လက်မပျဉ်ကို ရာဇမတ်ကွက်ကာပြီး ရိုက်ထားတဲ့ အဆောက်အအုံမျိုးပါပဲ။ အထဲမှာ ခြင်းလုံးခတ်ကစားလောက်အောင် ကျယ်ကျယ်ဝန်းဝန်းရှိတယ်။ အားကစားရုံပဲပေါ့။ မြို့ကြီးတွေမှာဆိုရင် ရပ်ကွက်တွေမှာ သီးခြားခြင်းရုံတွေရှိတယ်။ အဲဒီလို ခြင်းရုံနဲ့ ခြင်းခတ်ကြတာ တကယ်တတ်တဲ့ လူကြီးတွေပဲဆိုပါတော့။ အပျော်ခတ်တဲ့ လူငယ်တွေရဲ့

mgyoe.com

mgyoe.com

ခြင်းဝိုင်းဆိုတာကလည်း ရပ်ကွက်တွေမှာ ရှိကြတာပဲ။ အဲဒီတုန်းက မြန်မာ့ရိုးရာ ခြင်းလုံးပညာ ထွန်းကားခဲ့တယ်၊ ခြင်းလုံးအားကစား ထွန်းကားခဲ့တယ်ဆိုတာ ပြောချင်တာပါပဲ။

အခု အဲဒီလို ခြင်းရုံတွေ၊ ခြင်းလုံးခတ်တဲ့ ခြင်းဝိုင်းတွေ၊ ခြင်းလုံးအားကစားနည်းတွေ ရှိလေသေးလားဆိုတာ ကျွန်တော် မသိတော့ပါဘူး။ ပြောသံဆိုသံလည်း သိပ်မကြားတော့ပါဘူး။ ကျွန်တော် မသိဘဲ ထွန်းကားနေချင်လည်း နေမှာပါ။ ပြောချင်တာက ခြင်းလုံးခတ်တဲ့ အားကစားပညာရပ်ဟာ ကျွန်တော်တို့ ရိုးရာတစ်ခုဖြစ်တယ်။ အများပြောကြတာ ကြားဖူးတာက ကမ္ဘာမှာ ဘယ်မှာမှမရှိတဲ့ ခြင်း ပညာဆိုတာပါပဲ။ ကျွန်တော်တို့ ကိုယ်ပိုင်လို့ ဆိုကြပါစို့။ ခက်သလောက် နက်နဲတယ်။ ခြင်းပေါက်စုံတယ်။ အလွန်တန်ဖိုးထားသင့်တဲ့ ရိုးရာအားကစား ပညာပါပဲ။

တစ်ဆက်တည်း စဉ်းစားမိတယ်။ 'ဂျူဒို' ဆိုတာ ဂျပန်လူမျိုးတွေရဲ့ ရိုးရာပညာပဲ။ လုံ့လဝီရိယ ကြီးမားတဲ့လူမျိုးတွေ၊ အမြော်အမြင်ရှိတဲ့ လူမျိုးတွေ ဖြစ်လို့ သူတို့ဂျူဒိုကို ကမ္ဘာ့စင်မြင့်ပေါ်ရောက်အောင် တွန်းတင်ခဲ့တာကြာပြီ။ အိုလံပစ်ပွဲတော်လို နိုင်ငံတကာ ပွဲတော်မျိုးမှာ ဂျူဒိုနေရာရခဲ့တာ ကြာပါပြီ။ အလားတူ

mgyoe.com

mgyoe.com

ပါပဲ၊ 'ကရာတေး'သမိုင်းကြောင်း ချီရင် ဟိုမဟာယန သမိုင်းက 'ဗောဓိဓမ္မ'ဆရာသခင်အထိ ရောက်မယ်။ ဂျပန်တွေရဲ့ ကိုယ်ပိုင်ပဲ။ ကမ္ဘာ့စင်မြင့်ပေါ် သူတို့ဆွဲတင်သွားတာ ကြာပြီ။

ကျွန်တော်တို့ရဲ့ 'မြန်မာ့လက်ဝှေ့'ကို ကြည့်ပါ။ ကမ္ဘာပေါ်မှ ဘယ်အသတ်အပုတ် ပညာနဲ့ မဆိုယှဉ်နိုင်တဲ့၊ တစ်ဆံခြည်မလျော့တဲ့ မြန်မာ့လက်ဝှေ့။ ယခု ကမ္ဘာ့စင်မြင့်ပေါ် ရောက်နေတာက 'မွေထိုင်း'။ နောက်တစ်ခု စဉ်းစားမိပြန်တယ်။ 'စီပက်တာရောပိုက်ကျော်ခြင်း' မလေးရှားက စတာလို့ ကြားဖူးပါတယ်။ အခု ပိုက်ကျော်ခြင်းဟာ ကမ္ဘာ့စင်မြင့်ကို ရောက်နေပြီ။ ကိုယ့်ရိုးရာအားကစားကို ကြိုးကြိုးပမ်းပမ်း၊ ထမ်းထမ်းရွက်ရွက် ကမ္ဘာ့အဆင့်ရောက်အောင် ဆောင်ရွက်ခဲ့ကြတာ လေးစားအားကျစရာပါ။ ကျွန်တော်တို့ မြန်မာ့'ဓား'။ 'ဓားရေးသုံးဆယ့်ခုနစ်ချင်း' နဲ့ သမိုင်းမှာ အသေအချာ တည်ရှိခဲ့တာပါ။ အခု 'ဂူရှူး' ကမ္ဘာ့စင်ပေါ်ရောက်နေပြီ။

စဉ်းစားနေမိပါတယ်။ ကျွန်တော်တို့ မြန်မာ့ရိုးရာ အားကစားတစ်ရပ်ဖြစ်တဲ့၊ မြန်မာတစ်နိုင်ငံတည်းမှာသာရှိတဲ့၊ အစဉ်အလာ ကြီးမားခိုင်ခံ့ခဲ့တဲ့ 'မြန်မာ့ခြင်းလုံး' ဘယ်နားရောက်နေပါသလဲ။ တွေ့မိရင် ပြောကြ

mgyoe.com

mgyoe.com

ပါ။ ဝိုင်းလည်ခတ်ခြင်းဝိုင်းက အားပါးတရ အော်လိုက်တဲ့ ဝိုင်းလည် အပိုတစ်၊ အပိုနှစ်၊ အပိုသုံး ဆို အသံ ကြားစမ်းချင်လှပါတယ်။

ဖတ်စရာဂျာနယ်၊ အမှတ် ၇၊
ဖေဖော်ဝါရီလ ၁၅ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

ကိုရွှေအယ်ဒီတာ

ကျွန်တော့် စာဘဝသက်တမ်းတစ်လျှောက် အယ်ဒီတာပေါင်းစုံနဲ့ တွေ့ခဲ့ဖူးပါတယ်။ စာဘဝသက်တမ်းဆိုလို့ မင်း ဘယ်တုန်းကစပြီး စာရေးလာတာလဲလို့ မေးရင် အမေ့ဝမ်းထဲမှာကတည်းက ရေးခဲ့တာလို့များ ဖြေလိုက်လို့ကတော့ ဝိုင်းမေတ္တာပို့လိုက်မယ့်ဖြစ်ခြင်း။

တကယ်တော့ ကျွန်တော် စာစရေးတာ (ဝါ) ကျွန်တော်ရေးတဲ့စာ ပုံနှိပ်စာလုံးအဖြစ် ဖော်ပြခံရတာ ၁၉၅၄ ခုနှစ်၊ မန္တလေးတက္ကသိုလ်မှာတုန်းကပါပဲ။ မဂ္ဂဇင်းက 'သွေးသောက်'ပါ။ အခု စာပေလောကမှာ

mgyoe.com

mgyoe.com

ခေါင်းဖြူဖြူ၊ နှုတ်ခမ်းမွေးပါဖြူနေတဲ့ ပိန်ပိန်ပါးပါး အဘိုးကြီး၊ အများက ဘကြီးမိုးလို့ ချစ်စနိုးခေါ်နေကြတဲ့ မောင်မိုးသူတို့နဲ့ တစ်နှစ်တည်းပါပဲ။ ဘာတွေ ရေးခဲ့တယ်၊ ရေးတဲ့စာတွေက ဘယ်လောက်တန်ဖိုး ရှိတယ်ဆိုတာ မပြောကြေး။

စာရေးသက်ကိုပဲ တွက်ပြောရရင် နှစ် ၅၀ ပျော့ပျော့ကလေးတော့ ရှိပြီပေါ့။ (ရေးခဲ့တာတွေက ခပ်ချာချာတွေဆိုတာ မပြောကြေး)။

အဲဒီ နှစ် ၅၀ လောက်အတွင်းမှာ 'အယ်ဒီတာ' ဆိုသူတွေနဲ့ အတော်များများ တွေ့ခဲ့ဖူးပါတယ်။

အယ်ဒီတာဆိုတဲ့ စကားလုံး မြန်မာစာပေလောကမှာ ဘယ်တုန်းက စပေါ်ခဲ့တယ်ဆိုတဲ့ မှတ်တမ်းမှတ်ရာတော့ သက်ဆိုင်ရာ ပညာရှင်အဖွဲ့အစည်းတွေမှာ ရှိမှာပါ။ အဲဒီအယ်ဒီတာကိုပဲ မြန်မာလို 'စာတည်း'လို့ ဘယ်တုန်းက ဘယ်သူတွေ ဘာသာပြန်ခဲ့တယ်ဆိုတာလည်း မှတ်မှတ်သားသား ရှိမှာပါပဲ။ ကျွန်တော်တော့ အသေအချာ မသိပါ။

အဲဒီ 'စာတည်း'ကိုပဲ စာတည်းချုပ်၊ တာဝန်ခံစာတည်း၊ စာတည်းမှူး၊ စာတည်းမှူးချုပ် စသည်ဖြင့် အခေါ်အပြောတွေ ပွားများကြပါတယ်။ ဘာ့ကြောင့် မှူးဆိုတာ ထည့်သလဲမသိပါ။ ကြီးမှူးသည်ဆိုတဲ့

mgyoe.com

mgyoe.com

အခိပ္ပာယ်ဖြစ်ပါလိမ့်မယ်။ အဲဒီ အယ်ဒီတာ (ဝါ) စာတည်းတွေ အမျိုးမျိုးအဖုံဖုံ စုံအောင်တွေ့ခဲ့ဖူးပါ တယ်။ များသောအားဖြင့် ကျွန်တော်နဲ့ သက်တူရွယ်တူ မတိမ်းမယိမ်းတွေ၊ (သောက်ဖော်စားဖက်လို့လည်း ပြောလို့ရပါတယ်) သူငယ်ချင်းတွေက များပါတယ်။ နောက်ပိုင်း မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေ အသစ်ဝင်လာတော့လည်း နောက်တက်လာသူတွေကလည်း ညီလိုအစ်ကိုလို အလွန်ရင်းနှီးသူတွေ ဖြစ်ကြတယ်။

အခုထိ ရေးလာသမျှကတော့ စာရေး သက်ဘယ်လောက်ရှိတယ်ဆိုတာ ကြွားတာရယ်၊ အယ်ဒီတာတွေနဲ့ (သောက်စား) ရင်းနှီးတယ်ဆိုတာရယ်၊ ဒါပဲ ရှိသေးတယ်။ ဘာမှ မှတ်လောက်သားလောက် မရှိသေးပါပဲလား။ ညီတော်မောင် ကိုပြည့်ကတော့ ထည့်ပေးမှာပဲ။ ဒါလောက်နဲ့တော့ မဟုတ်သေးဘူး။

အခိကပြောချင်တာက အယ်ဒီတာ (ဝါ) စာတည်းတွေ 'တော်'ဖို့လိုကြောင်း ပြောချင်တာပါ။ ဘယ်လို ဘယ်ပုံတော်ရမှာလဲ။ ဘာတွေ တော်ရမှာလဲ။ ဘယ်မှာတော်ရမှာလဲ။ ပြောရရင် သိပ်ရှည်သွားမယ်။ 'ဖတ်စရာ'ရဲ့ ပေါ်လစီဖြစ်တဲ့ တိုတိုလိုရင်းဆိုတာနဲ့ မကိုက်ညီ ဖြစ်သွားလိမ့်မယ်။

mgyoe.com

mgyoe.com

အချုပ်ပြောရရင်တော့ ရှေ့နေတစ်ယောက် ညံ့ရင်၊ ချာရင် တရားခံ ဒုက္ခရောက်မယ်။ ဆေးသမား၊ ဆရာဝန်တစ်ယောက် ညံ့ရင်၊ ချာရင် လူနာဒုက္ခရောက်မယ်။ အယ်ဒီတာ၊ စာတည်းတစ်ယောက် ညံ့ရင်၊ ချာရင် စာပေလောက ဒုက္ခရောက်မယ်။ အယ်ဒီတာတွေ **ချာဗင်** မဖြစ်ကြပါစေနဲ့။ အယ်ဒီတာတွေ **ရွှေ** ဖြစ်ကြပါစေ။

ဇတ်စရာဂျာနယ်၊ အမှတ် ၉၊

မတ်လ ၁ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

ဆရာ ဘာတွေရေးနေသလဲ

ဆရာ ဘာတွေရေးနေသလဲ။ မကြာခဏ အဲဒီလိုမေးတာ ခံရပါတယ်။ ခင်မင်တဲ့ မိတ်ဆွေ အပေါင်းအသင်းတွေက သာမန် နှုတ်ဆက်စကားလို သဘောထားပြီး အဲသလို မေးလာကြတယ်။ နေကောင်းရဲ့လား၊ ထမင်းစားပြီးပြီလား၊ ဘယ်သွားမလို့လဲ စတဲ့ စကားတွေလိုပဲပေါ့။

ဘာစာတွေ ရေးနေသလဲ။ အဲဒီလို အမေးခံရတာ သိပ်စိတ်ဆိုးတယ်။ ဖြစ်နိုင်ရင် လက်ညှိုးငေါက် ငေါက်ထိုးပြီး ပက်ပက်စက်စက် ပြောပစ်လိုက်ချင်တယ်။ မေးတဲ့သူက လစဉ် ကျွန်တော် ရေးနေတဲ့ စာ

mgyoe.com

mgyoe.com

ကို မဖတ်လို့ပေါ့။ ကျွန်တော် စာတွေ လစဉ်ရေးနေတာပဲ။ အလျဉ်းသင့်တဲ့ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ လစဉ်ပါနေတာပဲ။ ကျွန်တော် စာရေးလာတာ ကြာပြီဆိုတာ ထည့်မပြောပါနဲ့ဦး၊ အခု လောလောဆယ် လစဉ်ရေးနေတာကို ဘာစာတွေ ရေးနေသလဲဆိုတော့ စဉ်းစားကြည့်ပါတော့။

ပိုဆိုးတာက အဲဒီမေးခွန်းမေးတဲ့သူက ဘာစာပေမှ ဖတ်ဖို့၊ ရှုဖို့ ဝါသနာမပါတဲ့ စာနဲ့ပေနဲ့ ဝေးတဲ့သူဖြစ်နေရင် ပိုဆိုးပါတယ်။ အဲဒီလို သိပ်စိတ်ဆိုးတာကို အောင့်အည်း သည်းခံပြီးနေခဲ့တယ်။ မေးသူကိုလည်း သြော်...သူ မသိလို့ မေးတာပဲလေ ဆိုပြီး ခွင့်လွှတ်ဖို့ ကြိုးစားခဲ့ပါတယ်။ မေးတဲ့သူက ကျွန်တော် စိတ်ဆိုးတာ သိမယ်မဟုတ်ပါဘူး။ ကျွန်တော်သာ ကျိတ်ပြီး စိတ်ဆိုးနေတာကိုး။ အဲဒီလိုနဲ့ စိတ်ကောင်းကလေးမွေးပြီး မေးသူလူတိုးကို ခွင့်လွှတ်လိုက်တော့ စိတ်သက်သာရာ ရသွားပါတယ်။

ဒါပေမဲ့ ဇာတ်လမ်းက မပြီးသေးဘူး။ ဟုတ်ပါရဲ့၊ ငါ ဘာစာတွေ ရေးနေလဲ၊ ငါ ရေးတဲ့စာတွေက ဘာတွေလဲ။ ကိုယ့်ဟာကိုယ် ပြန်မေးတော့ မေးခွန်းပေါင်းစုံဟာ လေးဖက်လေးတန်က တောင်ပြိုသလို တဝုန်းဝုန်း လဲပြိုပြီး ကျွန်တော့်အပေါ် ပိလာတော့တာ

mgyoe.com

mgyoe.com

ပါပဲ။

ကိုယ် သိပ်သိတဲ့အကြောင်း၊ တတ်တဲ့အကြောင်းတွေ ပါတယ်။ ကြွားတာပေါ့။ ကိုယ်နဲ့ အယူအဆမတူသူကို ရန်လုပ်တဲ့အကြောင်းတွေ ပါတယ်။ 'ဇေယျာလင်း' ပြောသလိုဆိုရင်တော့ တစ်ယောက်နဲ့တစ်ယောက် တစ်သံတည်းမထွက်ရင် ရန်သူလို ခေါင်းထောင်ကြည့်တတ်တဲ့ အကျင့်ဟောင်းကြီးတွေပါတယ်။ ဟိုတုန်းက ဘယ်သူတွေနဲ့ ဘယ်မှာ ဘယ်လိုပျော်ပျော်ပါးပါး စားခဲ့သောက်ခဲ့ကြတယ် ဆိုတာတွေပါတယ်။ အဆိုးဝါးဆုံးကတော့ ကျွန်တော့် စိတ်ထင်ပေါ့လေ၊ အဆိုးဝါးဆုံးကတော့ အများသူငါ သိပြီးသားတွေကို ဘာမှ အကြောင်းမထူးဘဲ ရေးတာတွေပါပဲ။

အများသူငါ သိပြီးသားဆိုတာ ဘာမှ အသစ်အဆန်းမဟုတ်တာလို့လည်း ပြောလို့ရပါတယ်။ နောက်တစ်မျိုးကလည်း သူများတွေ ရေးပြီးသားကိုပဲ ကိုယ်က အမြင်သစ်၊ အတွေးသစ်မပေးနိုင်ဘဲနဲ့ ထပ်ရေးတာမျိုးတွေ ပါတယ်။ အတွေးသစ်၊ အမြင်သစ်၊ ရသအသစ် မပေးနိုင်ရင်တော့ သူများရေးပြီးသား ထပ်ရေးလည်း ရပါတယ်။ ဘာမှ မဆန်းသစ်ဘဲနဲ့တော့ မရေးတာကောင်းတယ်လို့ သဘောရပေမဲ့ ကျွန်တော်

mgyoe.com

mgyoe.com

ရေးတာတွေထဲမှာ အဲသလို မဆန်းတာတွေ ပါနေတယ်။ ဇော်ဇော်အောင်ဆိုတဲ့ နာမည်တစ်လုံး ရနေပြန်၊ အယ်ဒီတာကလည်း ကိုယ့်လူရင်းဖြစ်နေပြန် ဆိုတော့ ထည့်ပေးနေလို့ စာတွေ ပါပါလာတယ်။ အဲဒါကို အပုတ်ထင်နေတာလည်း ကြာပြီ။ တကယ်တော့ ငါ ဘာစာတွေ ရေးနေသလဲဆိုတာ ကိုယ့်ဘာသာ ပြန်မေးပြီး ကိုယ့်ဘာသာ ပြန်စစ်ဆေးဖို့ ကောင်းပါတယ်။

ကျွန်တော်တို့ စကားမှာ အရည်မရ အဖတ်မရ ဆိုတာရှိတယ်။ အရည်လည်းမရ၊ အဖတ်လည်း မရရင် ဘာရသလဲ။ ဘာမှမရဘူးဆိုရင် စဉ်းစားဖို့ မကောင်းပေဘူးလား။ မစဉ်းစားချင်လည်း ရပါတယ်။ ကျွန်တော်လည်း မစဉ်းစားတော့ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဘာစာတွေ ရေးရမလဲဆိုတာ ဆရာတို့ ပြောခဲ့ကြတာ များလှပါတယ်။ ပြောထားကြပြီးသား ပါ။ အခုတော့ အဆင်ပြေသလို ကြည့်ရေးကြတာ ပေါ့လေ။

စတ်စရာဂျာနယ်၊ အမှတ် ၁၀၊
မတ်လ ၈ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

ဘဝစမ်းအိုင်

စိတ်ရဲ့အတွင်းပိုင်း အနက်ရှိုင်းဆုံး အရပ်ဒေသတစ်ခုမှာ မရပ်မနား တသွားတည်းသွား၊ တလာတည်းလာနေကြသော ပုံသဏ္ဌာန်များ၊ အရိပ်အယောင်များနှင့် အသံများဖြင့် ပြည့်နှက်ဆူဝေနေကြ၏။ မကြားရသော သံစဉ်တေးသွားများ၊ မွေးဖွားလာသူ၊ မမွေးရသေး သူတို့၏အသံများဖြင့် လှုပ်ခတ်တုန်ခါ နေ၏။ ထိုနေရာသည် တစ်လောကလုံး၏ တွေ့ဆုံရာ အရပ်ဖြစ်သည်။ ထိုတိတ်ဆိတ်သော သံစဉ်များကို ကြားနိုင်ဖို့၊ ပုံသဏ္ဌာန် အရိပ်အယောင်များကို မြင်နိုင်ဖို့၊ လှုပ်ခတ်တုန်ခါလှိုင်းများကို ခံစားတွေ့ထိနိုင်ဖို့၊ အနန္တ

mgyoe.com

mgyoe.com

စကြဝဠာအတွင်းသို့ မဟာရေစီးအတိုင်း စီးမျောလိုက်ပါဖို့ အနုပညာသမား အဆင်သင့်ဖြစ်နေပြီလား။ မဟာရေအလျဉ်မှာ စီးမျောလိုက်ပါဖို့ ဘာတွေ ပြင်ဆင်ထားသလဲ။ ကြားနိုင်စေဖို့ တိတ်ဆိတ်ငြိမ်သက်စွာ နေရမည်။ မြင်နိုင်စေဖို့ မျက်လုံးအစုံကို မှိတ်ထားရမည်။ မဟာစကြဝဠာ၏ ရစ်သမ်ကို ထိသိခံစားနိုင်စေဖို့ ဝင်သက်ထွက်သက်တို့ကို တိုးညင်းစေရမည်။ မိမိနှလုံးသားကို မိမိ ဖိစီးချုပ်ကိုင်ထားရမည်။ မဟာရေအလျဉ်မှာ စီးမျောလိုက်ပါဖို့ တစ်ကိုယ်ကောင်းဆန်သော လိုအင်ဆန္ဒ၊ လောဘများကို ပယ်ရှားစွန့်ပစ်လိုက်ရမည်။

ထိုးထွင်း တီထွင် ဆန်းသစ်တတ်သော အနုပညာသမားသည် သူ၏ ဝိဇ္ဇာအမြင်များကို သူ့အနုပညာလက်ရာမှာ တည်စေတတ်၏။ သူတော်စင်က သူ့ဝိဇ္ဇာအမြင်များကို ဘဝမှာတည်စေတတ်၏။ ထိုးထွင်းတီထွင်ဆန်းသစ်သော အနုပညာဖန်တီးနိုင်ဖို့ အပေါ်ယံ အကာမျှသာဖြစ်သော စရိုက်လက္ခဏာများ၊ မျှော်မှန်းချက်များ၊ လောကီကိစ္စများကို စွန့်လွှတ်ဖယ်ရှားရမည်။ မိမိတို့ အဇ္ဈတ္တအတွင်းမှ ဖုံးကွယ်တိမ်မြုပ်နေသော စွမ်းအင်သတ္တိများကို ဖော်ထုတ်ရယူနိုင်ရမည်။

mgyoe.com

mgyoe.com

ပြင်ပလောကသည် ဆူညံ ရှုပ်ထွေးလျက်။ မျက်စိကျိန်းစပ်လောက်အောင် တံလျှပ်အပူတွေ တရှိန်ရှိန်ထနေ၏။ ရုပ်ကြမ်းခန္ဓာ တစ်ကိုယ်လုံး ထုံကျဉ်လျက်ရှိ၏။ သိမ်မွေ့ညံ့သက်သော အသံများကို ကြားနိုင်စွမ်းမရှိ။ ကြီးကျယ်ခမ်းနားသော အမြင်များကို မြင်နိုင်စွမ်းမရှိ။ လျှို့ဝှက်နက်နဲသော တုန်ခါမှုများကို မထိမသိ မခံစားရ။ ထာဝရ မဟာ ရေအလျဉ်သည် ငါတို့ကို တိုးလျှိုဖြတ်၍ စီးဆင်းသွားသည်။ ငါတို့သည် အချည်းနှီး။

ငါတို့၏ အဖွဲ့တွဲအတွင်းပိုင်း နက်ရှိုင်းစွာသော အရပ်ဒေသတစ်ခုတွင် ဘဝစမ်းရေ အိုင်ငယ် ရှိသည်။ သီဒါသီတ ကြည်လင်အေးမြသော စမ်းပေါက်ရေကို အများသူငါ သောက်သုံးရန် ဝေငှသူသည် အနုပညာသမားဖြစ်၏။ စကားလုံးတွေ၊ စကားသံတွေ၊ ဂီတသံစဉ်တွေ၊ ပုံသဏ္ဌာန်တွေ၊ အရိပ်တွေ၊ အရောင်တွေ၊ အမှတ်အသားတွေ၊ သင်္ကေတတွေ၊ အိပ်မက်တွေ၊ အမြင်အာရုံတွေ ဘဝစမ်းအိုင်မှ ထွေပြားလှသော အနုပညာသဏ္ဌာန် အနှစ်များ။ ထိုအရာများကို အနုပညာသမားက သာလျှင် ဆောင်ယူပေးစွမ်းနိုင်လိမ့်မည်။ အနုပညာသမားသည် လောက၏ ပလ္လင်ထက်ဝယ်

mgyoe.com

mgyoe.com

စံပယ်ရန် ထိုက်တန်သူ ဖြစ်ပေလိမ့်မည်။

(လားမားအနာဂါရိက ဂေါဝိန္ဒ၏ ဒဿနမှတ်စုများကို မှီးပါသည်။)

ဇတ်စရာဂျာနယ်၊ အမှတ် ၁၁၊

မတ်လ ၂၂ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မဟာဘုတ်အက်ဆေး ၁၊ မြေ

မြေရေလေမီး
ဓာတ်ကြီးအစုပါ။
အလွန်တရာ မမြတ်သော
အတ္တဘောစန္ဒာ။

ဆရာကြီးဦးပြုံးချို (တေဘုမ္မာမှ)

သက်ရှိသက်မဲ့ သတ္တဝါအရာအားလုံးမှာ အခြေခံ (မဟာဘုတ၊ မဟာဘုတ်) ဓာတ်ကြီးလေးပါး ရှိသတဲ့။ **မြေ၊ ရေ၊ လေ၊ မီး** ဓာတ်ကြီးလေးပါးပေါ့။ နည်းနည်း ခုံခုံညားညား ဖြစ်ချင်ရင်တော့ **ပထဝီ၊**

mgyoe.com

mgyoe.com

အာပေါ၊ ဝါယော၊ တေဇော လို့ ပြောလို့ရတယ်။ အခြေခံဓာတ်တွေပဲ။ ဘယ်သူမှ ဒီဓာတ်လေးပါးနဲ့ မလွတ်ဘူး။ အခု အမေရိကန်သမ္မတကြီးလည်း ရုပ်ခန္ဓာ၊ တရားကိုယ်စစ်လိုက်ရင် မဟာဘုတ၊ မဟာဘုတ်ဓာတ်ကြီးလေးပါးပဲ။ သာကေတမှာ ရေလှည်းတွန်းပြီး ရေရောင်းနေတဲ့ ကိုဖိုးဘလည်း ဓာတ်ကြီးလေးပါးအတူတူပဲ။ ကက်သရင်းဇီတာဂျုန်းတို့၊ ဆန်းမီတို့၊ အင်နာကော်နီကိုဗာတို့၊ ဂျနီဖာလိုပက်တို့၊ နန္ဒာလှိုင်တို့လည်း ဓာတ်ကြီးလေးပါးပါပဲ။ အင်းစိန်မီးရထားဈေးက ပဲပင်ပေါက် ပဲပြားရောင်းတဲ့ ဒေါ်တင်မိကြီးလည်း ဓာတ်ကြီးလေးပါးပါပဲ။ ဘယ်သူ့ဘယ်သူမှ ဘာမှပိုပြောစရာ အကြောင်းမရှိဘူးပလေ။ ဆရာကြီး ဦးပြုံးချို့က အလွန်တရာမမြတ်သောလို့ပြောတဲ့ ကျွန်တော်တို့အတ္တဘဝ၊ အတ္တဘောခန္ဓာကိုယ်ကြီးတွေ ကိုယ်စီနဲ့ သံသရာခရီးသွားနေကြရတာ။ တစ်ခုတော့ ရှိလေရဲ့။ တချို့အတ္တဘောတွေက မွှေးတယ်။ တချို့ အတ္တဘောတွေက နံတယ်။ တချို့ အတ္တဘောတွေကျ သိပ်လှတာပဲ။ နည်းနည်းတော့ ကွာမှာပေါ့။ ဒါပေမဲ့ ဓာတ်ကြီးလေးပါး ရုပ်ခန္ဓာ အတုံးအခဲ အတ္တဘောချင်းကတော့ အတူတူပါပဲ။ သိပ်မစွာကြနဲ့။

မဟာဘုတ် ဓာတ်ကြီးလေးပါးမှာ **မြေ** သိပ်

mgyoe.com

mgyoe.com

အရေးကြီးတယ်။ ကျွန်တော့်တပည့် တစ်ယောက် ဆိုရင် မြေကွက် ၇၀ ကျော်ပိုင်သတဲ့။ မန္တလေးမှာ၊ ဒဂုံတောင်မှာ၊ သဃ်္ဃန်းကျွန်းမှာ၊ ရွှေပြည်သာမှာ၊ ရွှေ ပေါက္ကံမှာ၊ တောင်ကြီး၊ ကလောနေရာအနှံ့။ များလှ ချည်လားကွာ။ မင်း မြေကွက်တွေ ဘာလုပ်မှာလဲလို့ ပြောမိတော့ ဆရာဟာ 'ဖော်ဆေးလ်' Fossil ပဲတဲ့။ ကျောက်ဖြစ်ရုပ်ကြွင်းပေါ့။ ဘာကြောင့် အဲ့လိုပြောလဲ စဉ်းစားမရဘူး။ ဘာပဲဖြစ်ဖြစ် မြေတွေ အဲသလောက် ပိုင်တာ ကောင်းတာပေါ့လေ။ ကျွန်တော့် မိတ်ဆွေတစ် ယောက်လည်း အဲသလိုပဲ မြေကွက်တွေ အများကြီးပိုင် တယ်။ သူ့မြေကွက်တွေ ခွဲရောင်း၊ စိတ်ရောင်း တစ် ကွက်ပြီးတစ်ကွက် ရောင်းနေတယ်။ ဘာအလုပ်မှ မလုပ်ဘူး။ ငွေစက္ကူအထပ်လိုက်နဲ့ 'ကူးတို့ဆိပ် မှို့ အိတ်ဖွင့်သလို' သုံးလိုက်တာ တဖွားဖွား။ တစ်ခုတော့ ကောင်းတယ်။ ကျွန်တော့်ကို မကြာခဏ ဖိတ်ခေါ်ပြီး ပြုစုတယ်။ မိတ်ဆွေကောင်းပါပဲ။ နောက်ထပ် ရောင်း စရာ မြေကွက်တွေ အများကြီးကျန်သေးသတဲ့။ နောက် တစ်ယောက်ကတော့ သိပ်မနိပ်ဘူး။ သူ့မြေကွက် ကလေး ရောင်းမထွက်လို့ ဗေဒင်ယတြာနောက် လိုက် လိုက်တာ အတော်ကုန်နေပြီ။ အခုထိတော့ သူ့မဟာ ဘုတ်က အကျိုးမပေးပြန်ဘူး။ တော်သေးတယ်။

mgyoe.com

mgyoe.com

ကျွန်တော့်မှာ ရောင်းစရာ မြေကွက်မရှိလို့။

ငယ်ငယ်တုန်းက ဝတ္ထုတစ်ပုဒ် ဖတ်ဖူးတယ်။ တော်လ်စတွိုင်း ဆိုလားပဲ။ အဲသလိုပဲ စာနဲ့ပေနဲ့ အိုက်တင်ခံပြီးပြောမယ့်ကြံရင် မေ့မေ့နေတယ်။ ထားပါတော့။ လူသေရင် မြေကွက်ဘယ်လောက် အကျယ်အဝန်းလိုမလဲ၊ ခြောက်ပေနဲ့ နှစ်ပေခွဲလောက် ဆိုရင် ကောင်းကောင်းမြှုပ်လို့ ရပြီတဲ့။ သေမှတော့ မြေကွက်ကျယ်ကျယ် မလိုဘူးဆိုတဲ့ သဘောပါပဲ။ အခုခေတ်တော့ မြေတောင် မလိုတော့ဘူး။ မီးသင်္ဂြိုဟ် စက်ထဲ ထည့်လိုက် ပြာတောင် မကျန်ဘူး။ အဲဒီတော့ မြှုပ်စရာမြေကွက်မရှိလည်း ဖြစ်တယ်။

ညက အိပ်မက်မက်တယ်။ ၂၇ ကေကျယ်တဲ့ ခြံထဲမှာ ကျွန်တော့်သုံးထပ်တိုက်ရှိသတဲ့။ Split-Level မြေပေါ် နှစ်ထပ်၊ မြေအောက် တစ်ထပ်၊ ကျောက်ဖြူသား အတုံးတွေနဲ့ ဆောက်ထားတယ်။ ရှေ့မှာ ကြာပန်းတွေနဲ့ ရေကန်၊ နောက်ဘက်မှာ ကျောက်တုံးတွေနဲ့ ဆောက်ထားတဲ့ တောင်အတု၊ ဖုန်းရှိပေါ့။ ၂၇ ကေကျယ်တဲ့ ဝင်းကို ကံ့ကော်၊ ပိတောက်၊ စိန်ပန်း၊ ထင်းရှူးပင်တွေ ဝန်းပတ်ထား တယ်။ ခေတ်လွန်သစ်ခွရုံကြီး သုံးရုံ၊ နှင်းဆီပန်းရုံ သုံးရုံ၊ မှန်လုံရုံကြီးတွေ၊ ဂေါက်ကွင်းအသေးတစ်ကွင်း၊

mgyoe.com

mgyoe.com

တင်းနစ်ကွင်း နှစ်ကွင်း၊ ရေတံခွန်အတု၊ ရေကူးကန်ကတော့ ကျွန်တော် လေစိမ်းတိုက် မခံနိုင်လို့ အတွင်းမှာ အင်ဒိုးပဲ။ တစ်ဝင်းလုံး နေရာလပ်မကျန် ဂျပန်မြက်နုမွေးပြီး ခင်းထားတယ်။ တခြား အလှစိုက်ပန်းတွေ၊ သီးနှံပင်တွေ အများကြီး၊ အဲဒီမြေကွက်ထဲမှာ နေတယ်လို့ ကျွန်တော် အိပ်မက်မက်တယ်။ နိုးလာတော့ အိပ်မက်ထဲက မြေကွက်ကျဉ်းတယ်လို့ ထင်နေသေးတယ်။

ဇတ်စရာဂျာနယ်၊ အမှတ် ၁၄၊
ဧပြီလ ၅ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မဟာဘုတ်အက်ဆေး ၂။ ရေ

သက်ရှိသက်မဲ့ သတ္တဝါအားလုံးမှာ မဟာဘူတ မဟာဘုတ်လို့ခေါ်တဲ့ အခြေခံ ဓာတ်ကြီး လေးပါးရှိသတဲ့။ မြေ၊ **ရေ**၊ လေ၊ မီး ဓာတ်ကြီးလေးပါးပါ။ သိပ်အရေးကြီးသတဲ့။ အဲဒီအထဲမှာ **ရေ** ဟာ သိပ်အရေးကြီးတယ်။ သတ္တဝါအားလုံး၊ အပင်လောက အားလုံးရဲ့ 'အသက်ဓာတ်'ဟာ ရေပဲဖြစ်ပါတယ်။ သတ္တဝါအားလုံးရဲ့ ဘဝအစဟာ ရေထဲက ပရိုတို ပလပ်ဇ် protoplasm ဆိုတဲ့ မော်လီကျူးအမှုန်အမွှားကလေးဖြစ်တယ်လို့ မှုန်ဝါးဝါး သိထားပါတယ်။ ဆိုချင်တာကတော့ မဟာဘုတ်လေးပါးမှာ **ရေ** သိပ်အရေးကြီး ဆိုတာပါပဲ။

* * *

mgyoe.com

mgyoe.com

လူဟာလူ ရေမသောက်ရရင် သေမယ်။ ရေအသက် တစ်မနက်တဲ့။ ဒီရုပ်ခန္ဓာကိုယ်ကြီးကို ရေဖြည့်ပေးရတယ်။ ဒီနေ့ကမ္ဘာမှာ လူတွေ ရေကောင်းကောင်း ကြည်ကြည်သန့်သန့် ဝဝလင်လင် သောက်ရဖို့ သိပ်အရေးကြီးပါတယ်။ အာကာသသိပ္ပံ သုတေသန၊ ဒုံးခွင်းဒုံးစနစ်အသစ် တီထွင်ရေး သုတေသနတွေ၊ စတုတ္ထမျိုးဆက် ကွန်ပျူတာ တီထွင်ရေးကိစ္စတွေထက် ပိုအရေးကြီးတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေ့ကမ္ဘာမှာ ဆင်းရဲမွဲတေတဲ့ လူဦးရေ (သန်းပေါင်းတစ်ထောင်ကျော်)ဟာ ရေကောင်းကောင်း ကြည်ကြည်သန့်သန့်ကို ဝဝလင်လင် မသောက်ရဘူးလို့ ကုလသမဂ္ဂ အစီရင်ခံစာတွေမှာ ဖော်ပြထုတ်ပြန်တယ်။ လူတစ်ဘီလျံကျော်ဆိုတာ ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံ။ မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတဲ့ ရခဲလှတဲ့ လူ့ဘဝမှာ ရေကလေးတစ်ခွက် ကြည်ကြည်အေးအေး သောက်နိုင်တဲ့ အခွင့်အရေး ရှိသင့်တာပေါ့။ လူ မဟုတ်လား။

* * *

ကျွန်တော့် မိတ်ဆွေတစ်ယောက်ရှိတယ်။ ဒီကနေ့ အောင်မြင်ကျော်ကြားတဲ့ စီးပွားရေးလုပ်ငန်း

mgyoe.com

mgyoe.com

ရှင်တစ်ယောက်ပဲ။ ဘာလုပ်ငန်းတွေ လုပ်သလဲဆိုတာ မေးမကြည့်မိဘူး။ သိပ် ချမ်းသာတယ်ဆိုတာပဲ သိတယ်။ ခင်ဗျား ဘယ်လောက်ချမ်းသာသလဲလို့ မေးမိတော့ ခဏလောက် တွေနေပြီးမှ ဘယ်လောက် ချမ်းသာမှန်းတောင် မသိပါဘူးဗျာလို့ ပြောတယ်။ နောက်တာတော့ ဟုတ်မှာမဟုတ်ဘူး။ သူ တကယ် မသိတာဖြစ်လိမ့်မယ်။ ဘာလို့ ဒါလောက် ချမ်းသာ တာလဲကို ထပ်မေးတော့ သူက ပြုံးတယ်။ သူ့ငွေးပြုံး ဆိုတာ ဖြစ်လိမ့်မယ်ထင်တယ်။ ပြီးတော့ ဖြေတယ်။ သူဟာ ငါးသလောက်ဟင်းစားတယ်တဲ့။ ပြီးတော့ ရေကို ကောင်းကောင်း အသုံးချတတ်တယ်တဲ့။ ဒါ့ကြောင့် ချမ်းသာလာတာတဲ့။ ကျွန်တော် မရှင်းဘူး။ သူဟာ အဝီစိတွင်းတူးပြီး၊ ရေစည်လှည်းထောင်ပြီး ရေရှားတဲ့ မြို့စွန်မှာ ရေရောင်းစားနေတာတော့ မဟုတ် ဘူး။ ဒါပေမဲ့လည်း ထားပါတော့၊ ဆက်မမေးပါဘူး။ ရေကို စနစ်တကျ အသုံးချတတ်လို့ ချမ်းသာလာ တာပဲ။ သူ့စကားထဲမှာ သူဟာ ရေကောင်းကောင်း လောင်းတတ်တယ်ဆိုတာလည်း ပါသေးတယ်။ ကျွန်တော်တော့ မရှင်းဘူး။

* * *

mgyoe.com

mgyoe.com

မြို့ကြီးတွေအဝင်မှာ မုခ်ဦးကြီးတွေ ရှိတတ်တယ်။ လှလှပပ ကြီးကြီးကျယ်ကျယ်ပေါ့။ ကြို့ဆိုပါသည် ဘာညာပေါ့။ ကျေးလက်တောရွာတွေမှာတော့ ရွာအဝင်လမ်းမှာ **ရင်ကွဲဇရပ်** ဆိုတာတွေ ရှိတတ်တယ်။ လမ်းကိုခွပြီး ဆောက်ထားတာ။ ရှေးခေတ်ကတော့ သွပ်မိုး၊ ပျဉ်ကာ။ တချို့ဇရပ်တွေက 'လည်ပေါ်၊ ဘုံဆင့်'နဲ့ အကျအန။ ခရီးသွား၊ ခရီးလာ နားနေဖို့။ ဇရပ်ရဲ့တန်ဖိုးကို မြို့ကြီးက လူတွေမသိဘူး၊ တောရွာက လူတွေသာ သိတယ်။ အဲဒီလို ဇရပ်တွေမှာ သောက်ရေအိုးစင်တွေ ထားတတ်တယ်။ ရေချမ်းစင်လို့ခေါ်ရဲ့။ ဘယ်သူဘယ်ဝါကောင်းမှု၊ အများကောင်းမှု စာတန်းထိုးတတ်ကြတယ်။ မြန်မာ့ကျေးလက်ရဲ့ ယဉ်ကျေးမှုအမှတ်အသားတွေပါ။ အဲဒီရေချမ်းစင်တွေရဲ့ တန်ဖိုးနဲ့ **ရေကုသိုလ်** ရဲ့တန်ဖိုးကို မောပန်းနေတဲ့၊ ရေငတ်ရေဆာနေတဲ့ ကျေးလက်တောသား ခရီးသွားတွေပဲ သိလိမ့်မယ်။ ရေပေးတာ၊ ရေတိုက်တာ၊ ရေလှူတာဟာ ကုသိုလ်အလုပ်ပါပဲ။ ရေအကျိုး ၁၀ ပါးတောင်ရှိတယ်။ တချို့ကျတော့ ဆယ်ပါးမကဘူး။ အဆင်ပြေရင် အကျိုးတွေ သိပ်များသတဲ့။ ရေဟာ လူတစ်ယောက်ရဲ့ဘဝမှာ အောင်မြင်မှုတွေ၊ ချမ်းသာကြွယ်ဝမှုတွေ၊ စည်းစိမ်ဥစ္စာ ရတနာတွေ

mgyoe.com

mgyoe.com

အားလုံး ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်တယ်။ ရေသာလျှံပါစေ ဘဝမှာ အားလုံးပြီးတယ်။ ကျွန်တော့် မိတ်ဆွေကတော့ ရေကောင်းကောင်း လောင်းတတ်ဖို့ လည်း လိုတယ်လို့ ပြောပါတယ်။ ကဆုန်ညောင်ရေ ကိုပြောတာ ဖြစ်ပါလိမ့်မယ်။ ဘာပဲဖြစ်ဖြစ် မဟာဘုတ် လေးပါးထဲက **ရေ** ဟာ သိပ်အရေးကြီးပါတယ်။

ရေလျှံကြပါစေ။

ဇတ်စရာဂျာနယ်၊ အမှတ် ၁၅၊
ဧပြီလ ၂၆ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မဟာဘုတ်အက်ဆေး ၃၊ လေ

မြေ၊ ရေ၊ လေ၊ မီး ဆိုတဲ့ မဟာဘုတ်ဓာတ်ကြီးလေးပါးမှာ **ဝါယော/လေ** ဟာ သိပ်အရေးကြီးတယ်။ ရှင်းနေတာပဲ။ လေမရှိရင် ကျွန်တော်တို့ လေမရှူရဘူး။ လေမရှူရရင် အားလုံးသေမယ်။ ဒါ သိပ်ရှင်းပါတယ်။ နောက်တစ်ခုက လေမရှိရင် ကျွန်တော်တို့ **စကားပြောလို့ရမှာ မဟုတ်တော့ဘူး**။ စကားပြောလို့မရရင် ဘာဖြစ်မလဲ။ အားလုံး ကမောက်ကမဖြစ်၊ ပြဿနာတွေတက်ပြီး လူ့လောကကြီး ပျက်သွားမှာပေါ့။ လူအချင်းချင်း ဆက်သွယ်နေကြတာ ဒီစကား၊ ဒီစကားသံပဲ။ စကားမရှိရင် နိုင်ငံ

mgyoe.com

mgyoe.com

အချင်းချင်း ဆက်သွယ်လို့ မရဘူး။ ရောင်းရေးဝယ်တာ၊ သာရေးနာရေး၊ လူမှုရေး၊ ပညာရေး၊ ယဉ်ကျေးမှုဘာဆိုဘာမှ ဆက်သွယ်လို့မရ အားလုံးရပ်တန့်ကုန်ရင် လူ့လောကကြီး ဝရုန်းသုန်းကားဖြစ်ပြီး ပျက်မှာပဲ။ **လေ** သိပ်အရေးကြီးတယ်။

* * *

လူရဲ့ **အဆုတ်** ထဲမှာ **လေ** ရှိတယ်။ ကျောကုန်းဘက်နဲ့ နံဘေးဘက်က ကြွက်သားတွေ ဖိညှစ်လိုက်တဲ့အခါ အဆုတ်ထဲကလေက အပေါ်တက်လာတယ်။ ရင်ခေါင်းတစ်လျှောက် လေပြွန်ကနေတစ်ဆင့် လည်ပင်းထဲ ရောက်လာတယ်။ လေပြွန်ရဲ့ထိပ် လည်မျို (စလုတ်)နားမှ ကန့်လန့်ခံနေတဲ့ အကြောမျှင်ကလေးနှစ်ချောင်းရှိတယ်။ အသံကြိုးလို့ ခေါ်တယ်။ ဂီတာကြိုးလိုပဲပေါ့။ အဆုတ်က တက်လာတဲ့လေက အဲဒီအကြောအမျှင် အသံကြိုးနှစ်ချောင်းကို ဖြတ်သွားတော့ အကြောမျှင်နှစ်ချောင်းဟာ တုန်ခါပြီး 'အသံ' ဆိုတာ ဖြစ်လာတယ်။ အဲဒီ အသံ(လေ) ပါးစပ်ထဲ ရောက်တဲ့အခါမှာ (လျှာ၊ အာခေါင်ရှေ့၊ အာခေါင်နောက်၊ သွား၊ နှုတ်ခမ်း)ဆိုတဲ့ ပါးစပ်အစိတ်အပိုင်းတွေနဲ့ ပြုပြင်လိုက်တဲ့အခါ အခု ကျွန်တော်ပြောနေကြ

mgyoe.com

mgyoe.com

တဲ့ စကားသံဖြစ်လာတယ်။ အသံဖြစ်လာအောင် မပြုပြင်လို့တော့ မရဘူး။ လှုပ်ရှားပြုပြင်ရတယ်။ ဥပမာ 'ပ'ဆိုပါတော့။ နှုတ်ခမ်းနှစ်ခုပိတ်ပြီး ပြန်ဖွင့်လိုက်မှ အသံထွက်တယ်။ 'လ'ဆိုရင်လည်း လျှာက အာခေါင်ကို ထိအောင်ထောက်ပြီး ပြန်လွှတ်လိုက်မှ အသံထွက်တယ်။ လျှာမလှုပ်ဘဲနဲ့ အသံမထွက်ဘူး။ တစ်ခါ အဲသလို ပါးစပ်ထဲက အစိတ်အပိုင်းတွေ ဘယ်လိုလှုပ်လှုပ် အဆုတ်ထဲက လေတက်မလာရင် စကားသံမဖြစ်ဘူး။ အဲဒီတော့ 'လေ'က အရေးအကြီးဆုံးပေါ့။

* * *

ဒီနေ့ ကမ္ဘာမှာ 'လေ'တွေ များလွန်းနေတယ်။ လေများတယ်ဆိုတာ လေပေါတယ်ပေါ့။ အဓိပ္ပာယ်ကတော့ စကားများတယ်။ စကားပြောတာ များလွန်းတယ်လို့ ယူရလိမ့်မယ်။ စကားများရုံဆိုတဲ့ အဓိပ္ပာယ်မှာ ရပ်မနေဘူးထင်တယ်။ စကားများများ ပြောပေမဲ့ ပြောသလို ဖြစ်မလာဘူး၊ အကျိုးသက်ရောက်မှုမရှိဘူးဆိုတဲ့အထိ အဓိပ္ပာယ်သွားတယ်လို့ ထင်တယ်။ အလကားပဲ၊ မယုံကြည်ရဘူး၊ ပြောသလို ဖြစ်မလာဘူး။ ကျွန်တော့်စိတ်အထင် ဒီနေ့ ကမ္ဘာပေါ်မှာ လေတွေ သိပ်များလွန်းနေတယ် ထင်တာပဲ။ ဟုတ်ချင်မှ

mgyoe.com

mgyoe.com

လည်း ဟုတ်မှာပါလေ။

* * *

ကျွန်တော်တို့ အညာကျေးလက် တောရွာတွေမှာ တောအလှူဆိုတာ မှတ်သားလောက်တယ်။ ထူးခြားတဲ့ ယဉ်ကျေးမှုပုံသဏ္ဍာန်တစ်ခု အသေအချာပါပဲ။ စပါးပေါ်ချိန်၊ ငွေပေါ်ချိန်မှာ အလှူကြီးပေးတယ်။ 'ထမင်းရည်ချောင်းစီး'၊ 'တစ်ရွာလုံးမီးခိုးတိတ်' ဆိုတဲ့ စကားတွေ ကြားဖူးကြမှာပါ။ တစ်ရွာလုံးမက အနီးအနားရွာတွေပါ ရွာလုံးကျွတ် ထမင်းကျွေးတယ်။ ထမင်းရုံဆိုတဲ့ တဲကြီးတွေဆောက်တယ်။ သီးနှံအထွက်ကောင်းလို့ လှူတဲ့လူက တတ်နိုင်ရင် 'ဝက်သားဟင်း'နဲ့ ထမင်းကျွေးတယ်။ ဝက်သားဟင်းကျွေးတဲ့ အလှူဟာ နံပါတ်တစ်အလှူပါပဲ။ တချို့ကျတော့ ငွေကြေးတတ်နိုင်ပေမဲ့ 'ဝက်ပေါ်'ရတာ အကုသိုလ်ဖြစ်လို့ ဝက်သားမကျွေးဘူး။ ငါးရံ့ခြောက်ထောင်းကြော် ကျွေးတယ်။ ငါးခြောက်ဆိုတာလည်း အညာမှာ ရှယ်ပါပဲ။ ကြားဖူးတာ တစ်ခုရှိတယ်။ ကြေးရတတ် (သူဌေး) တစ်ယောက်ရဲ့ အလှူလှည့်ရာမှာပါတဲ့ ဒိုးပတ်ဝိုင်းက သံချပ်ထိုးတယ်။ "မိုး မိုး မိုးလား မောင်တို့၊ လေ လေ လေလား မောင်တို့"၊ "ဝက်သား

mgyoe.com

mgyoe.com

ဟင်းနဲ့ ကျွေးမယ်ဆို၊ လေ လေ လေလားမောင်တို့”
လို့ သံချပ်ထိုးသတဲ့။ တကယ်မဟုတ်ဘူး၊ တကယ်
ဖြစ်မလာဘူး၊ ‘အာပလာ’ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ကျွန်တော်
ကြားဖူးတာပြောတာပါ။ ဒီနေ့ ကမ္ဘာပေါ်မှာ **လေတွေ
သိပ်များနေတယ်လေ။**

ဖတ်စရာဂျာနယ်၊ အမှတ် ၁၆၊
မေလ ၃ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မဟာဘုတ်အက်ဆေး ၄၊ မီး

စကြဝဠာ
ကမ္ဘာတစ်သိန်း
ဟိန်းဟိန်းလောင်မြိုက်ကြွေ
လောကဓာတ်တစ်ရိုးမှာ
မီးခိုးမှောင်လို့ဝေ။

ကျိုက်လတ်ဦးပြုံးချို
'ဇာတိအာဏာ' ယိုးဒယားမှ

မြေ၊ ရေ၊ လေ၊ **မီး** မဟာဘုတ် ဓာတ်ကြီး လေးပါးမှာ **မီး**ဓာတ် အရေးကြီးပါတယ်။ **တေဇော**

mgyoe.com

mgyoe.com

ခာတ်ပေါ့။ အဲဒီမှာ အပူအအေး နှစ်ခုလုံးပါတယ်။ ပူတာက **ဥဏှတေဇော**၊ အေးတာက **သီတတေဇော** တဲ့။ လူတစ်ယောက် အသက်ရှင်သန်ဖို့ မီးခာတ်လို တယ်။ ဒီလောကကြီးမှာ သက်ရှိသက်မဲ့အားလုံး အသက်ရှင်နိုင်ဖို့ မီးခာတ်ရမှဖြစ်မယ်။ ဒီလို စဉ်းစား ကြည့်ပါ။ နေ ဆိုတာ မီးလုံး မီးလျှံ မီးစိုင်ခဲကြီးပဲ။ နေရဲ့အပူခာတ် မရရင် ဒီကမ္ဘာမြေဟာ ပျက်စီးသွား မယ်။ သက်ရှိသက်မဲ့ ဘာမှကျန်တော့မှာ မဟုတ်ဘူး။ မီးဟာ မရှိမဖြစ်။ ဒါပေမဲ့ လိုအပ်တာထက် ပိုလာရင် လည်း ပျက်စီးမှာပဲပေါ့။

* * *

ကျွန်တော်တို့ အစဉ်အလာ ယုံကြည်စွဲမှတ် ကြတာတွေ ရှိတယ်။ ဒီကမ္ဘာကြီးဟာ တစ်နေ့နေ့ ပျက် စီးလိမ့်မယ်။ ဘယ်လိုပျက်မလဲဆိုတော့ **နေတစ်စင်း** ပြီးတစ်စင်း ထွက်လာလိုက်တာ နေဆယ်စင်းလည်း ထွက်ပြီးသော် တစ်လောကလုံး (၃၁ ဘုံပေါ့)။ အကုန် မီးလောင်ပြာကျ ပျက်စီးမယ်။ ကျွန်တော်တို့ စကြဝဠာ solar system နဲ့အတူ အခြားသော စကြဝဠာ၊ အနန္တစကြဝဠာ အကုန်မီးလောင်ပျက်စီးမယ်။ အဲဒါကို မီးဖျက် ကမ္ဘာလို့ခေါ်တယ်။ နောက် မမျှော်မှန်း၊ မကြံ

mgyoe.com

mgyoe.com

စည်နိုင်လောက်အောင်ကြာမှ ကမ္ဘာအသစ် ပြန်ဖြစ်မယ်။ အထက်ကပြခဲ့တဲ့ ဇာတိအာဏာ ယိုးဒယား သီချင်းထဲကလို စကြဝဠာတစ်သိန်း အကုန်မီးလောင်ပျက်စီးလိမ့်မယ်ပေါ့။ ဘယ်တော့လဲဆိုတော့ ကျွန်တော်တို့ ပူစရာမလိုပါဘူး။ ဘယ်တော့လဲလို့ ပြောလို့မရအောင်၊ ခန့်မှန်းကြံစည်စိတ်ကူးလို့ မရလောက်အောင် ကြာဦးမှာပါ။ အဝေးကြီး၊ ကျွန်တော်တို့ ပူစရာမလိုဘူး။ တကယ်ပူရမှာက ကမ္ဘာဖျက်တဲ့ နေဆယ်စင်း မီးမဟုတ်ဘူး။ ကျွန်တော်တို့ ပူရမှာက အခုလောလောဆယ် ကျွန်တော်တို့ရင်ထဲမှာ လောင်နေတဲ့ **မီး။ လောဘမီး၊ ဒေါသမီး၊ မောဟမီး။** အဲဒီမီးတွေ အရင်ငြိမ်းကြဖို့လိုတယ်။ ကမ္ဘာပျက်မီးက အဝေးကြီး။

* * *

ဟိုကိစ္စ ကျွန်တော် နည်းနည်းမှ မကျေနပ်ဘူး။ နည်းနည်းမှ သဘောမကျဘူး။ နည်းနည်းမှ နေရာမကျဘူး။ စိတ်ရှိတဲ့အတိုင်း လုပ်ရရင် နုပ်နုပ်စဉ်းပစ်လိုက်ချင်တယ်။ သူတို့အကြောင်း စဉ်းစားမိရင် ရင်ထဲမှာ မီးလိုပူလာတယ်။ ရင်ထဲမှာ မီးလိုပူနေတယ်။ ရင်ထဲမှာ မီးတွေလောင်နေတယ်။ ကျေနပ်တာတို့၊ မကျေနပ်တာတို့၊ ချစ်တာတို့၊ မုန်းတာတို့။ လွယ်လွယ်

mgyoe.com

mgyoe.com

ပြောရရင် စိတ်ဆိုးတာ၊ ဒေါသထွက်တာတွေဟာ ကိုယ့်ဘာသာကိုယ် ဖန်တီးယူတာတွေပဲ။ အဲဒါတွေ အစကတည်းက ရှိနေတာမဟုတ်ဘူး။ ဘယ်မှာမှ မရှိဘူး။ အဲဒါတွေ ကိုယ်ကလုပ်ယူတာ၊ ကိုယ်ဖန်တီးလို့ဖြစ်တာ။ အဲဒါတွေ ပေါ်လာရင် မီးလိုပူ၊ မီးလိုလောင်တော့တာပဲ။ ကိုယ့်ကြောင့်ဖြစ်တယ်ဆိုရင် အဲဒီမီးမလောင်အောင် အစကတည်းကမမွေးနဲ့၊ အစကတည်းက မလောင်စေနဲ့၊ အစကတည်းက အဲဒီမီးမယူခဲ့နဲ့။ ရင်ထဲမှာ မထားနဲ့။ ပြောရတာတော့ လွယ်ရဲ့။ တကယ်တမ်း ရင်ထဲက မီးလောင်နေတာ ငြိမ်းဖို့ အတော်ခက်ပါတယ် ကိုပြည့်ရယ်။

ကျွန်တော် သဘောမကျဘူးဗျာ။ သိပ်မုန်းတာပဲ။ ရင်ထဲမှာ မီးတွေလောင်နေသလို ပူနေအောင် မုန်းတယ်။ အဲဒီမီးကို ငြိမ်းဖို့၊ သတ်ဖို့ ကျွန်တော် ကြိုးစားရပါဦးမယ်။ ကျွန်တော် ကြိုးစားပါမယ်၊ ကြိုးစားပါ့မယ်။

ဇတ်စရာဂျာနယ်၊ အမှတ် ၁၇၊
မေလ ၁၀ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

ကျား... ဘယ်ကကျားလဲဟေ့

ကျွန်တော့်ကို ချင်းတွင်းမြစ် အနောက်ဘက် ဆားလင်းကြီးမြို့မှာ မွေးပါတယ်။ မုံရွာမှာ ကြီးပြင်းခဲ့ပါတယ်။ မုံရွာသားလို့ အမြဲဂုဏ်ယူလေ့ရှိပါတယ်။ ပြောချင်တာက အဲဒါ အဓိကမဟုတ်ပါ။ ပြောချင်တာက ကျွန်တော်ဟာ အညာသားဖြစ်တယ်ဆိုတာပါပဲ။ အဲဒါလည်း နည်းနည်းတော့ ဂုဏ်ယူချင်သား။ အဲဒါလည်း အဓိကပြောချင်တာ မဟုတ်ပါဘူး။ (ကိုယ်ပြောချင်တဲ့ အဓိကအချက်ကို တည့်တည့်မပြောဘဲ အခုလို ဝိုက်နေတာမျိုးဟာ စကားပြေ အညံ့စားတွေမှာ တွေ့ရတတ်တယ်။) ထားပါတော့၊

mgyoe.com

mgyoe.com

ကျွန်တော်ပြောချင်တဲ့ အဓိကအချက်က ကျွန်တော် ငယ်စဉ်က **ရုပ်သေးပွဲ** တော်တော်များများကို ကြည့်ဖူး တယ်ဆိုတဲ့ အချက်ပါပဲ။

* * *

ကျွန်တော့် အခုအသက်က (ခုနစ်ထိပ်စီး) ဆိုတော့ နှစ်ပေါင်း ၆၀ လောက် ကြာခဲ့ပြီပေါ့။ ဆယ် နှစ်သား ပတ်ဝန်းကျင်တုန်းက ကြည့်ခဲ့ရတဲ့ ရုပ်သေးပွဲ ရဲ့ ပုံရိပ်တွေဟာ အခုနေအခါ မှုန်ဝါးဝါးပဲ။ သတိရ တာလေးတွေလည်း ရှိပါရဲ့။ ဆိုပါတော့၊ ပွဲမစခင် တော်တော်စောစောမှာ ညဉ့်ခံသဘောနဲ့ ဆိုင်းတီး တယ်။ နောက် ပွဲစတော့မယ်ဆိုတော့ ဆိုင်းသုံးကြိမ် တီးတယ်။ အဲဒါကို စားတော်တိုက် တယ်လို့ မှတ်သား ဖူးတယ်။ အဓိပ္ပာယ် မသိခဲ့ရပါဘူး။ စားတော် သုံး ကြိမ်တိုက်ပြီးမှ ပွဲစတယ်။ အများသိပြီးသားအတိုင်း ပထမ တိရစ္ဆာန်ရုပ်တွေ ထွက်တယ်။ ကျွန်တော် ကောင်းကောင်းမှတ်မိနေတဲ့ အရုပ်ကတော့ ကျားရုပ် ပါပဲ။ အခုန်အပျံတွေ၊ ရှေ့ကျွမ်းနောက်ကျွမ်းတွေနဲ့ ကျွန်တော်တို့ကလေးတွေ သိပ်သဘောကျကြတာပေါ့။ အဲဒီမှာ ထူးထူးခြားခြား မှတ်မိနေတာက...။ ငြိမ်နေရာ က 'လင်းကွင်း'သံ ပေးလိုက်တယ်။ လင်းကွင်းကြီးသံ

mgyoe.com

mgyoe.com

မဟုတ်ဘူး၊ လင်းကွင်း ခပ်သေးသေးအသံ၊ ချမ်းချမ်း ချမ်းချမ်း...။ ပြီးတာနဲ့ **ကျား...ကျား**တဲ့ဟေ့လို့ အသံ ကုန်ဟစ်အော်လိုက်တယ်။ ကျွန်တော်တို့အဖို့တော့ ဘယ်ကလာတဲ့အသံမှန်း မသိဘူး။ ခေါင်းထောင်ပြီး အသံလာရာ ဟိုကြည့်သည်ကြည့် လိုက်ရှာ။ ကျားတဲ့ ဟေ့လို့ အော်ပြီးတော့ **ကျားဆိုကျား ဘယ်က ကျားလဲဟေ့**လို့ နောက်တစ်ယောက်က အသံကုန် အော်ပြန်တယ်။ အဲဒီမှာ အဲဒီနေရာမှာ ဘယ်ကကျားလဲ ဆိုတာ ပြန်ဖြေတဲ့နေရာမှာ ပညာသားပေါ့။ ဘယ်မြို့ ဘယ်ရွာက စင်တော်ဦးစီး မင်းသားကြီး ဘယ်သူဘယ် ဝါ၊ မဒီကိုင် (မိန်းမရုပ်/မင်းသမီး ကြိုးဆွဲ)က ဘယ်သူ၊ သံချိုကိုင် ပိဋကတ်ဆရာက ဘယ်သူ စသည်ဖြင့် ဂုဏ် ပုဒ်တွေကို ကာရန်၊ နဘေ ဝေဝေဆာဆာနဲ့ ပြောပြီး တော့ အဲဒီရုပ်သေးအဖွဲ့ကြီး၊ စင်တော်အဖွဲ့ကြီးက အလွန်ကျော်ကြားတဲ့ ကျားတဲ့ဟေ့ ဆိုပြီးပြန်ဖြေတယ်။ ရုပ်သေးစင်တော်အဖွဲ့ကြီးကို ကြော်ငြာလိုက်တာ မျိုးပေါ့။ အဲဒါကို **စင်တိုင်**တယ်လို့ ခေါ်ကြောင်း မှတ်သားဖူးပါတယ်။ အဓိပ္ပာယ် ဂဃနဏ မသိပါ။ အဲသလို အထာကလေးတွေရှိတာ မှတ်မိနေတယ်။ နောက် သဘောကျတာကတော့ မြင်းရုပ်ပါပဲ။ ကျား တုန်းကလိုပဲ အတိုင်အဖောက် အော်ကြတယ်။

mgyoe.com

mgyoe.com

ကောင်းကင်ယံ တိမ်ညွှန့်ကိုစားတဲ့ သိန္ဓောမြင်း ဘာ ညာပေါ့။ 'မြန်မြေနယ် ဇမ္ဗူဘောင်'ဟုိတုန်းက လိုက်ဆိုလို့ရခဲ့တယ်။ မြင်းခင်းလို့ခေါ်မှန်း မသိဘူး။

'စာမရှိမို့ ထူးမခြား၊ နတ်မြင်းပျံမို့ မြူးကြွား ကြွား'၊ 'ညာမော်ပြိုင်သော်ကင်းဝေး၊ ခွာသံမြေလျှံ သောင်းလုံးကြွေး' ကြမ်းပေါ်မှာ လေးဖက်ခွာ အချီ အချ သိပ်ကြည့်လို့ကောင်းတယ်။ ဆိုင်းက ရပ်ပေး ထားပြီး မြင်းခွာသံ တောက်တက် တောက်တက် လိုက်ပေးတယ်။ ကျွန်တော် မှတ်မိနေတာတစ်ခုက ဟိမဝန္တာမြင်း၊ သိန္ဓောမြင်း၊ အသဿထိုရ်မြင်း မဟုတ် ဘူး။ မော်ဒန်မြင်း (အင်္ဂလိပ်ခေတ်မြင်း) ဘေးမှ မြင်း ကျောင်းတဲ့ မြင်းထိန်းပါတယ်။ **ဆိုက်ကုလားလို့** ခေါ်တယ်။ အသားမည်းမည်းအရုပ်၊ ဘောင်းဘီတိုနဲ့ ဘွတ်ဖိနပ်နဲ့။ ကျွန်တော်တို့ကတော့ သိပ်ကြိုက်ပေါ့။ လူကြီးတွေက (ကျွန်တော့် အမေတို့ကတော့) ဘောင်းဘီတို၊ ဘွတ်ဖိနပ်နဲ့ ရုပ်သေးရုပ်ကို မကြိုက် ကြဘူး။ ပျက်ယွင်းတယ်လို့ ယူဆကြပုံရပါတယ်။ နောက်ပိုင်း ဇာတ်ထုပ်တွေမှာလည်း မင်းသားကြီး (အဖေခန်းက)တို့၊ လူကြမ်းတို့ ဇာတ်ရုပ်တွေမှာ ဘောင်းဘီတိုနဲ့ ဖော့ဦးထုပ်နဲ့ လမ်းလျှောက်တုတ် ကောက်နဲ့ ခေတ်ဆန်တာတွေပါတာ မှတ်မိနေတယ်။

mgyoe.com

mgyoe.com

အသက်ကြီးလာတာနဲ့အမျှ ရုပ်သေးနဲ့ ဝေးလာတယ်။ မကြည့်ဖြစ်သလောက်ပဲ။ ၁၉၇၀ ဝန်းကျင်လောက်တုန်းက (အသေအချာ မမှတ်မိ) နှစ်ခါကြည့်ရတယ်။ အသေအချာ ပြန်စဉ်းစားကြည့်တော့ ကျွန်တော် မကြိုက်တော့ဘူး။ နှစ်သက်ခံစားလို့ မရတော့ဘူး။ ယဉ်ကျေးမှုပုံသဏ္ဍာန်တစ်ခုအဖြစ်နဲ့ တန်ဖိုးထားတာက တစ်ပိုင်းပဲ။ ခံစားနှစ်သက်လို့မရတာ၊ မကြိုက်တော့တာက တစ်ပိုင်းပါပဲ။ အသေအချာ ထပ်ပြောရမယ်ဆိုရင် ကျွန်တော် အခုရုပ်သေးကို လေးစားတန်ဖိုးထားပါတယ်။ ဒါပေမဲ့ လုံးဝ မကြိုက်တော့ပါဘူး။

* * *

ရုပ်သေးဟာ ယဉ်ကျေးမှု ဓလေ့တန်ဖိုးရှိတယ်။ ရိုးရာယဉ်ကျေးမှု ပုံသဏ္ဍာန်တစ်ခုဖြစ်တယ်။ ဒါပေမဲ့ အခု လူထုကြားမှာ မရှိတော့ဘူး။ နိုင်ငံခြားသား ခရီးသွားလုပ်ငန်းနဲ့ တွဲဖက်လို့ နိုင်ငံခြားသားများကို တင်ဆက်တာလောက်ပဲ ရှိတော့တယ်ဆိုတဲ့ အချက်ကို ယထာဘူတကျကျ ရှုမြင်သုံးသပ်ဖို့လိုလိမ့်မယ် ထင်မိပါကြောင်း။

ဗတ်စရာဂျာနယ်၊ အမှတ် ၄၉၊
ဒီဇင်ဘာလ ၂၀ ရက်၊ ၂၀၀၅ ခုနှစ်။

mgyoe.com

mgyoe.com

ဆီမိးခွက်နဲ့ လျှပ်စစ်မီးသီး

'ဈေးကွက်'ဂျာနယ် အဟောင်းတစ်စောင်ထဲက သတင်းဆောင်းပါးတိုကလေးတစ်ပုဒ် ဖတ်မိတယ်။ 'ညောင်စောက်ချောင်းရွာက မီးကြာလှည့်ပွဲ' ဆိုတဲ့ခေါင်းစဉ်နဲ့ ရေးသူက 'ကောင်းစုအောင်'။ နှစ်သက်ပွားများဖို့ကောင်းလို့ အတွေးဆက်မိပါတယ်။

* * *

အခု ၂၀၀၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့က ရေနံချောင်းမြို့နယ်၊ ညောင်စောက်ချောင်းကျေးရွာမှာ ကြုံခဲ့ရတဲ့ သီတင်းကျွတ် မီးကြာလှည့်ပွဲ

mgyoe.com

mgyoe.com

လို့ ဆိုပါတယ်။ ဆောင်းပါးရှင်က ဟိုအရင်တုန်းကတော့ **ဆီမီးခွက်**ကို သုံးတယ်။ မိန်းကလေးတစ်ယောက် ဆီမီးတစ်ခွက်ကိုင်ပြီး မီးပွဲလှည့်တယ်။ နီးစပ်ရာဘုရား ဘုန်းကြီးကျောင်းတို့ကိုသွားပြီး ပူဇော်တယ်။ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်းတွေနဲ့ မြန်မာ့ယဉ်ကျေးမှုဓလေ့ ပြယုဂ်တွေပါပဲ။ နောက်ပိုင်းတော့ အဲဒီလို ရိုးရာတွေ ပျောက်သလောက် ဖြစ်သွားပြီလို့ ဆောင်းပါးရှင်က ဆိုပါတယ်။ ဝမ်းနည်းသံကလေး ပါနေတယ် ထင်ပါတယ်။ ဆက်ပြီးတော့ အခုတွေ့ခဲ့ရတဲ့ ညောင်စောက်ချောင်းကျေးရွာက မီးကြာလှည့်ပွဲကို ပြောပါတယ်။ လှည်းပေါ်မှာ မီးစက်တင်မောင်းပြီး ရှေ့ကိုက် ၆၀ လောက်အထိ ဝါယာကြိုးတန်း၊ မီးသီးတွေ တပ်ပြီး ကျေးရွာအပျိုကလေးတွေက ကိုင်၊ ဘုရားကို သွားကြတယ်။ လျှပ်စစ်မီးသီးတွေထိန်လို့၊ အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း မပါပေမဲ့ အသံချဲ့စက်နဲ့ အကတွေ ပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ချစ်စရာကောင်းလှတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တစ်ခုပါပဲ။

* * *

ဒီမှာ ကျွန်တော်ပြောချင်တာက မြေဆီမီးခွက် ပက်ပက်ပြားပြားကလေးထဲမှာ ဆီထည့်၊ မီးစာအဖြစ်

mgyoe.com

mgyoe.com

ဝှမ်းကလေးလိပ်ပြီး တပ်တယ်။ **ဆီမီးခွက်**။ အဲဒီကနေ **လျှပ်စစ်မီးသီး**ကို ကူးပြောင်းသွားတယ်။ **လျှပ်စစ်မီးသီး** အစားထိုးဝင်ရောက်လာတာဟာ 'ယဉ်ကျေးမှုခလေ့ အရွေ့အပြောင်း'ပါပဲ။ ဒါမျိုးကို တားဆီးလို့လည်း မရနိုင်ဘူး။ ပျောက်ကွယ်သွားတဲ့ ဆီမီးခွက်ကိုလည်း ပြန်ခေါ်လို့ မရနိုင်ဘူး။ 'ယဉ်ကျေးမှုခလေ့ပုံသဏ္ဍာန်များ'ရဲ့ သင်္ချာရတရားပါပဲ။ တားဆီးလို့မရဘူးဆိုတာတော့ သဘောပေါက်ရလိမ့်မယ်။ ဆီမီးခွက်ကလေးတွေ ပျောက်ကုန်လို့ ကျွန်တော်တို့ ဝမ်းနည်းပက်လက် ဖြစ်နေစရာ မလိုပါဘူး၊ ဖြစ်မနေသင့်ပါဘူး။ လျှပ်စစ်မီးသီးတွေဝင်လာလို့လည်း ငါတို့ရိုးရာတွေ ပျက်ကုန်ပါပြီလို့ ဝမ်းနည်းပက်လက်ဖြစ်နေစရာ မလိုပါဘူး၊ ဖြစ်မနေသင့်ပါဘူး။ အလွန် သိမ်မွေ့တဲ့ ကိစ္စတွေပါ။ ရိုးရာကို ထိန်းတာနဲ့ အသစ်ဝင်လာတဲ့ ယဉ်ကျေးမှု ခလေ့ပုံသဏ္ဍာန်အသစ်ကို လက်ခံတာနဲ့ ဒီကိစ္စတွေဟာ သိမ်မွေ့ပါတယ်။ အသင့်အတင့် နှလုံးသွင်းတယ်ဆိုတဲ့စကား ကျွန်တော်တို့မှာ ရှိပါတယ်။ အရာရာတိုင်းမှာ အသင့်အတင့် နှလုံးသွင်းတတ်ဖို့ သိပ်လိုပါတယ်။

'အရိုးကို အရွက်မဖုံးစေနဲ့'ဆိုတဲ့ စကားရှိပါတယ်။ ဒါပေမဲ့ အရွက်ဖုံးတယ်ဆိုတာ ရွက်သစ်တွေဝေ

mgyoe.com

mgyoe.com

လာတာပါ။ ရွက်နုရွက်သစ်တွေသာ မဝေဘူးဆိုရင် ရိုးတံပြိုင်းပြိုင်း ကြာရင် သစ်ခြောက်ပင်ဖြစ်သွားနိုင်တာကိုလည်း သတိပြုမိကြဖို့ လိုပါလိမ့် ထင်မိပါကြောင်း။

ဖတ်စရာဂျာနယ်၊ အမှတ် ၅၀၊
ဒီဇင်ဘာလ ၂၇ ရက်၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

မြင်းတစ်စီးနဲ့ ခရီးဝေးထွက်သူ

မြင်းဇောင်းထဲက ငါ့မြင်းကို က တင်ပြီး ယူလာခဲ့ဖို့ အမိန့်ပေးလိုက်တယ်။ တပည့်က ငါပြောတာ နားမလည် သဘောမပေါက်။ မြင်းဇောင်းကို ငါ့ဘာသာသွားပြီး မြင်းကုန်းနှီးတင်၊ မြင်းပေါ် တက်လိုက်တယ်။ ဟိုအဝေးက ခရာသံကြားလိုက်ရတယ်။ အဲဒီ ခရာသံဟာ ဘာအဓိပ္ပာယ်လဲလို့ မေးလိုက်တယ်။ တပည့်က ဘာမှမသိဘူး၊ ဘာမှလည်း မကြားဘူးတဲ့။ အထွက်တံခါးမကြီးနားမှာ ငါ့ကို ရပ်ပြီးမေးတယ်။

"ဆရာ ဘယ်ကို မြင်းစီးသွားမှာလဲ"

"ငါ မသိဘူး...ဒီနေရာက ဟိုးအဝေး...

mgyoe.com

mgyoe.com

ဒီနေရာက ဝေးရင် ပြီးရော၊ အမြဲတမ်း ဒီနေရာက ဝေးရာ အဲဒီကိုသွားမှ ငါ့ခရီးဆုံးပန်းတိုင် ရောက်လိမ့်မယ်”လို့ ပြန်ဖြေတယ်။

“ဒါဖြင့် ဆရာ့ ခရီးဆုံးပန်းတိုင်ကို ဆရာ သိမှာပေါ့”လို့ မေးပြန်တယ်။

“အင်း…ငါ မပြောဘူးလား။ ဒီကနေ အဝေး၊ အဲဒါ ငါ့ခရီးဆုံးပန်းတိုင်ပဲပေါ့”

“ဆရာ့မှာ စားရေရိက္ခာလည်း မပါပါလား” လို့ တပည့်က ပြောပြန်တယ်။

“ငါ မလိုဘူး၊ ခရီးက သိပ်ဝေးလွန်းတော့ လမ်းမှာ စားစရာမရရင် ငါ တော်ပြတ်သေမှာပဲ။ ဘယ် စားရေရိက္ခာမှ ငါ့ကို ကယ်နိုင်မှာမဟုတ်ဘူး။ ဘာ ကြောင့်လဲဆိုတော့ ကံကောင်းထောက်မစွာပဲ ဒီခရီးဟာ အလွန်ရှည်လျားပြီး အတိုင်းအဆမဲ့တဲ့ ခရီးတစ်ခု ဖြစ်နေလို့ပဲ။

(Franz Kafka ရဲ့ 'Parables And Paradoxes' စာအုပ်၊ နယူးယောက်၊ Schocken Books က ထုတ်ဝေ၊ ခုနှစ်မပါ၊ ND စာမျက်နှာ–၁၈၉ မှာပါ တဲ့ my destination ကို ကျွန်တော် ပြန်ဆိုပါတယ်။ အင်္ဂလိပ်ဘာသာက ပြန်တာပါ။ မူလဂျာမန်က အင်္ဂလိပ်ကို ဘယ်သူပြန်သလဲ ဖော်ပြမထားပါ။)

mgyoe.com

mgyoe.com

အထူးပြောစရာမရှိပေမဲ့ Kafka အကြောင်းကတော့ နည်းနည်းပြောခဲ့ပါတယ်။ ၁၈၈၃ ခုနှစ် မွေးတယ်။ ၁၉၂၄ ကွယ်လွန်တယ်။ အသက် ၄၁ နှစ်အရွယ် ကွယ်လွန်တာဆိုတော့ နှမြောဖို့ ကောင်းလိုက်တာ။ ကမ္ဘာ့မော်ဒန်စာပေမှာ နေလို လလို ထင်ရှားတဲ့ဆရာတစ်ပါးပါပဲ။ သူ့ရဲ့ The Castle, The Trial, The Metamorphosis တို့ဟာ မော်ဒန် ဂန္ထဝင်၊ ကမ္ဘာ့ဂန္ထဝင်တွေပါပဲ။ အခု ပြန်ခဲ့တာ သူ့ရဲ့ စကားပြေအတိုကလေးတွေထဲက ရွေးပြန်ခဲ့တာပါ။ ဖတ်ပြီး ပွားများစေချင်တဲ့ စေတနာပါပါတယ်။

ကျွန်တော်တို့ ဘယ်သွားနေကြတာလဲ။ ကျွန်တော်တို့ ခရီးဆုံးပန်းတိုင်ဟာ ဘာလဲ။ ဘယ်မှာလဲ။ ဘယ်တော့လဲ။ ဒီမေးခွန်းတွေ လူ့သမိုင်းမှာ ပဲ့တင်ထပ်ခဲ့တာ ကြာပါပကော။ 'တထာဂတမြတ်ဗုဒ္ဓ' ကတော့ ခရီးပန်းတိုင်ဆိုတာ ဘာလဲ။ ဘယ်မှာရှိတယ်၊ ဘယ်ကိုသွားရတယ်၊ ဘယ်အခါမျိုးမှာရောက်မယ်လို့ ဟောဖော်မြွက်ခဲ့တာ နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်ပါပြီ။ ကျွန်တော်တို့ အန္ဓတွေကတော့ အခုထိ မှုန်ဝါးဝါးပါပဲ။ မိတ်ဆွေကြီးခင်ဗျားဘယ်သွားမလို့လဲ။ သူတို့ ခရီးပန်းတိုင် ဘယ်တော့ရောက်မှာလဲ။ ပန်းတိုင်မရောက်ခင်စပ်ကြား ခရီးသွား

mgyoe.com

mgyoe.com

ဖော်ချင်း မောက်မာကြွား ဖိစီးနှိပ်စက်တာတွေ၊ အနိုင်ကျင့်တာတွေလည်း ရှိရဲ့။ အချင်းချင်း ရိုင်းပင်းကူညီကြတာတွေလည်း ရှိရဲ့။ သာတာတွေ၊ နာတာတွေ အစုံစုံ ပုံခဲ့တာတွေလည်း ရှိရဲ့။ အရေးအကြီးဆုံးကတော့ ကျွန်တော်တို့ အဖြေမရသေးတဲ့ မေးခွန်းက ပြန်လာတယ်။ ကျွန်တော်တို့ ဘယ်သွားနေကြတာလဲ။ သူတို့ ဘယ်သွားနေကြတာလဲ။ မြင်းတစ်စီးနဲ့ ခရီးထွက်သူကတော့ သူ့အသက် ၄၁ နှစ်မှာ ခရီးပန်းတိုင်ကိုရောက်ပြီး လောကထဲကို ဆက်လက် ခြေဆန့်နေတယ်။ အခုဆိုရင် သူမရှိတာ နှစ်ပေါင်းရှစ်ဆယ် ရှိပြီ။ ဒါပေမဲ့ သူကတော့ ခရီးဆက်နေဆဲပါပဲ။

'သတင်းလွှာ' (မြန်မာနိုင်ငံ ပုံနှိပ်နှင့်
ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း)
အမှတ် ၅၊ ဒီဇင်ဘာလ၊ ၂၀၀၅ ခုနှစ်။

❖

mgyoe.com

mgyoe.com

၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

တိတ်ဆိတ်ခြင်းအက်ဆေး

(၁)

The waves die down
Their circles come to rest
Like final chords
Of a symphonic score.
Sound dies away
And silence becomes sound;
Light radiates
From the transparent ground.

Lama Anagarika Govinda
"Samadhi: The fourth stage of Absorption."

mgyoe.com

လှိုင်းများငြိမ်ပြီ
ဂယက်ပိုင်းများ ရပ်နားသွားကြ
ဆင်ဖိုနီတေးဘွဲ့ကြီးတစ်ခု၏

mgyoe.com

နောက်ဆုံးသံစဉ်များပမာ
အသံများ သေဆုံးပျောက်ကွယ်
ထိုအခါ တိတ်ဆိတ်ခြင်းသည် အသံဖြစ်လာ၏။
အလင်းဓာတ်သည်
တိုးလျှိုပေါက် ကြည်လင်သောမြေပြင်မှ
လျှံလက်ကွန့်မြူးခဲ့လေပြီ။

ဇော်ဇော်အောင် (မြန်မာပြန်)
လားမားအနာဂါရိကဂေါဝိန္ဒ
'သမာဓိ၊ ဝိမုတ္တိ စတုတ္ထအဆင့်'မှ

(၂)

တိတ်ဆိတ်ခြင်း၊ အသံမဲ့ခြင်း၊ ဘာမှမကြား ရခြင်း၊ လုံးဝ တိတ်ဆိတ်ခြင်း၊ အသံ လုံးဝကင်းမဲ့ခြင်း၊ ဘာကိုမှ လုံးဝမကြားရခြင်း ထိုအရာအားလုံး စုပေါင်း ထောင်းထု ဆုပ်ခြေ ကြိတ်နယ်၍ ပန်းပုရုပ်တစ်ရုပ် ထုလုပ်ချင်သည်။ ထိုပန်းပုရုပ်သည်၊ တိတ်ဆိတ် အသံမဲ့ သီချင်းတစ်ပုဒ် ဖြစ်စေရမည်။

မိုးခင်အတွက် ပိတောက်ဓက်စကားပြေ
ဇော်ဇော်အောင်၊ စာပေါင်းသိုက်အက်ဆေးများ
အလင်းမြစ်၊ နိုဝင်ဘာ ၂၀၀၁၊ စာ−၁၂၅

မဟုတ်မမှန် လုပ်ကြံပြောနေကြသောအသံ

mgyoe.com

mgyoe.com

တွေ ကင်းဝေးရာ တစ်စုံတစ်ခုသော လောကထဲက မြက်ရိုင်းခင်းထဲမှာ ကောင်းကင်ကို မော့ကြည့်၍ ဘယ်သူ့ကိုမှ မကြောက်ရဘဲ၊ ဘာကိုမှ မစိုးရိမ်ရဘဲ အသက်ဝဝလင်လင် ရှူကာ အသံမဲ့၊ ခက်တော့ ခက်လိမ့်မည်။ အသက်မဲ့ဝတ္ထုတိုတစ်ပုဒ် ဖော်ဖော်အောင် ရေးချင်သည်။

ငင်း၊ စာ–၁၃၀

(၃)

ကျွန်တော် ဒီလိုကြားနာ မှတ်သားဖူးပါတယ်။ တစ်ခါက မြတ်ဗုဒ္ဓဟာ တရားသဘင်တစ်ခုမှာ ရှိနေတယ်။ တရားနာပရိသတ်နဲ့ သူ့ရဲ့သာဝကကြီးတွေလည်း အတူရှိနေကြတယ်။ တရားဟောကြားဖို့ လျှောက်ကြားတောင်းပန်တဲ့အခါ တထာဂတမြတ်ဗုဒ္ဓက စကားတစ်ခွန်းမှ ဆိုတော်မမူဘဲ လက်ထဲမှာ ရွှေရောင်ပန်းကလေးတစ်ပွင့်ကိုသာ ကိုင်ထားတော်မူသတဲ့။ အဆုံးမတော့ အဲဒီ 'တိတ်ဆိတ်တဲ့ အသံမဲ့တရားတော်'ကို မြတ်ဗုဒ္ဓရဲ့ နံပါတ်တစ်သာဝကကြီးဖြစ်တဲ့ 'ရှင်မဟာကဿပ' တစ်ပါးတည်းသာလျှင် နားလည်ရရှိလိုက်တယ်လို့ ကြားနာမှတ်သားဖူးပါတယ်။ ဒီအသံတော်မဲ့တဲ့ တရားဟာ မြတ်ဗုဒ္ဓဟော

mgyoe.com

mgyoe.com

သမ္မ တရားတွေထဲမှာ အနက်ရှိုင်းဆုံး တရားတော်လို့ ဆိုကြပါတယ်။ (.....The most profound sermon. He ever preached without uttering one word) စာပေတွေမှာတော့ အဲဒီလို ဆိတ်ဆိတ်နေတော်မူခြင်းကို 'ကြီးမြတ်သော တိတ်ဆိတ်ခြင်း' Noble silence လို့ ရေးတတ်ကြပါတယ်။

(၄)

စဉ်းစားမိပါတယ်။ တိတ်ဆိတ်ခြင်းဟာ အနုပညာဖန်တီးမှုမှာ အရေးပါတဲ့ကိစ္စ ဖြစ်တယ်။ အခြေခံအားဖြင့်တော့ အနုပညာသမားဆိုတာ လောကကို တစ်စုံတစ်ခု ပြောကြားကြတာချည်းပါပဲ။ တစ်ခုခုကို သူ့အနုပညာနဲ့ ပြောတယ်ပေါ့။ တစ်ခါတစ်ရံမှာ သူ ဘာပြောသလဲဆိုတာထက် သူဘာမပြောဘဲထားသလဲဆိုတာဟာ စိတ်ဝင်စားစရာ၊ နှစ်သက်ကြည်နူးစရာကလေး ဖြစ်လာတတ်ပါတယ်။ သူ ဘာမပြောဘဲထားသလဲဆိုတာ စူးစမ်းရှာဖွေတဲ့သဘောပေါ့။ အဲဒီအခါမှာ 'အနုပညာရဲ့ တိတ်ဆိတ်ခြင်းတွေကို တွေ့ရတယ်။ အဲဒီတိတ်ဆိတ်ခြင်းတွေဟာ အသံတွေ ဖြစ်နေတတ်တယ်။ သဘောကတော့ သူ မပြောတာတွေကို ပြောနေသလို ကျွန်တော်တို့ ကြားနေရတတ်တယ်။

mgyoe.com

mgyoe.com

အဲဒီ 'အနုပညာရဲ့ တိတ်ဆိတ်သောအသံများ'ဟာ ခံစားကြည့်မှ ရနိုင်ပါတယ်။

(၅)

ပန်းချီဆရာမ၊ ဓာတ်ပုံပညာရှင် **မဥမ္မာ**ရဲ့ ပန်းချီတချို့ကို ကြည့်ခွင့်ရလိုက်ပါတယ်။ Sound of silence ဆိုတဲ့ ပန်းချီစာအုပ်တစ်အုပ် လက်ဆောင်ရခဲ့တယ်။ စာအုပ်ဆိုတဲ့ ဝိဘာဂနဲ့ အမျိုးအစားကို ကျော်လွန်ဖောက်ဖျက်ထားသလားလို့ တွေးစရာပါ။ ပုံမှန်ဖိုင်တွဲအဖုံးတစ်ခုလို သပ်သပ်ရပ်ရပ် ပြင်ဆင်ပြီး အဲဒီအထဲမှာ ပျမ်းမျှ ၆၀× ၈၀ စင်တီမီတာရှိတဲ့ (အက်ခရိုင်းလစ်) ပန်းချီကား ၂၆ ချပ်ရဲ့ ပို့စ်ကတ်တွေကို အိတ်ကပ်ကလေးနဲ့ ထည့်ထားပါတယ်။ မြန်မာလိုပြန်ကြည့်တော့ အဲဒီစာအုပ် (သို့မဟုတ်) 'ပို့စ်ကတ်ဖိုင်'ရဲ့ နာမည်က **တိတ်ဆိတ်ခြင်းရဲ့အသံများ**။ စီစဉ်ထားပုံ၊ ဖွဲ့စည်းတင်ပြထားပုံက လေးစားစရာ၊ ချီးကျူးစရာ ကောင်းပါတယ်။ ကျွန်တော် နှစ်ခြိုက်တဲ့ 'အနုပညာရဲ့ တိတ်ဆိတ်သော အသံများ' သီဝရီနဲ့ နှစ်မြှုပ်ဝင်စား ကြည့်ပါတယ်။ ဆရာမ **မဥမ္မာ** (၁) ဘာတွေပြောထားသလဲ၊ (၂) ဘာတွေပြောမထားသလဲ။ စိတ်ဝင်စားရာ၊ မှေ့လျော် ပျော်ပိုက်စရာပါပဲ။ ဆရာမ မဥမ္မာ

mgyoe.com

mgyoe.com

ဘာတွေပြောထားသလဲ၊ ဘာတွေပြောမထားဘူးလဲ ဆိုတာ ကျွန်တော် ရေးရေးမှိန်မှိန်တော့ ရလိုက်ပါတယ်။ ထင်ထင်ရှားရှား လင်းလင်းကျင်းကျင်း သိသွားတာမျိုးတော့မဟုတ်။ အဲသလိုဆိုရင် အနုပညာဟုတ်ပါ့မလား။ အဲဒီ ရေးရေးမှိန်မှိန်ကလေးဟာ နှစ်သက်စရာပဲ မဟုတ်လား။ ခဏ...ခဏလေးနေပါဦး။

(၆)

တိတ်ဆိတ်ခြင်းထဲက အသံတစ်သံလိုလို။ ဟိုးအဝေးကလိုလို၊ အနီးကလိုလို။ တိုးညင်းသော်လည်း တင်းမာပြတ်သားတဲ့အသံ။ **ဣတ္ထိယဝါဒ Femenism** ရဲ့အသံ။ ပန်းချီကားရဲ့ ခေါင်းစဉ်တွေကို ကြည့်ပါ။ A man's slave, A proud mom, A woman in dismay, Outburst, Courage, The web trap, No wayout, Outrages, Silent retaliation ကျွန်တော် အတွေးလွန်တာလည်း ဖြစ်ချင် ဖြစ်နိုင်ပါတယ်။ ဒါဟာ ဘာဖြစ်တယ်ဆိုတဲ့ကိစ္စ မပြောကြတာ ကြာပါပြီ။ ဒါဟာ ဘာမှမဟုတ်ဘူးလို့ ပြောနိုင်တာကိုက အနုပညာရဲ့ အချက်အလက်တစ်ခုပါပဲ။ သို့သော်လည်း သိပ်နောက်ကျနေတဲ့ (အစစအရာရာ နောက်ကျနေတဲ့ ကျွန်တော်တို့အတွက်)

mgyoe.com

mgyoe.com

ပညာရပ်သဘော၊ လေ့လာမှုသဘောကို ထောက်ဆလို့ ပြောရမှာပါ။ မဥမ္မာရဲ့ အက်ခရိုင်းလစ် ကားကလေးတွေမှာ (Neo ex-pressionism) အငွေ့အသက်တွေ၊ ရနံ့တွေ ထုံပျံ့နေပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ တချို့ ပန်းချီဆရာတွေက သူတို့ပန်းချီကားတွေ၊ ပန်းပုရုပ်တွေကို အခုလို ခွဲခြားသတ်မှတ်နာမည်တပ်တာ မကြိုက်ကြဘူး။ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ (အလုပ်လို့ထင်တဲ့) အလုပ်ကိုယုံယုံကြည်ကြည် လုပ်နေတာပါပဲ။ မကြိုက်တဲ့သူကိုမပြောမိဖို့တော့ ကျွန်တော်တို့ ဆင်ခြင်ရမှာပေါ့။ သို့သော်လည်း ပန်းချီအနုပညာအကြောင်း ပြောဖို့ဆိုဖို့ကတော့ လိုအပ်နေတယ်လို့ ကျွန်တော် ယုံကြည်တယ်။ အခုလည်း (Neo ex-pressionism) ဆရာမ မဥမ္မာ ကျေနပ်မှ ကျေနပ်ပါစ။ အမျိုးသမီး ပန်းချီဆရာမ အနုပညာရှင်တစ်ယောက်အဖြစ်နဲ့ လေးစားစွာကြိုဆိုလိုက်ပါတယ်။

ပိတောက်မြေ၊ အမှတ် ၃၆၊
ဧပြီလ၊ ၂၀၀၆ ခုနှစ်။

❖

mgyoe.com